ကြေးမုံ
The Mirror

၁၃၇၃ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက်၊ ဗုဒ္ဓဟူးနေ့ (8-2-2012) (၇၀၂၉)

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

☆ ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။

☆ ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ်ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမွန်

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနား တက်ရောက်အားပေး

နေပြည်တော်　　ဖေဖော်ဝါရီ　　၇

မြန်မာ့ရုပ်ရှင်အနုပညာကို ချစ်မြတ်နိုးကြသောပြည်သူများ မျှော်လင့်စောင့်စားလျက်ရှိသည့် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ချီးမြှင့်ပွဲကြီးကို ယနေ့ညပိုင်းတွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု)များကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက မြန်မာ့ရုပ်ရှင်လောကအဆင့်အတန်း မြင့်မားတိုးတက်စေရန် ရည်ရွယ်၍ တစ်နှစ်တာအတွင်း ထုတ်လုပ်ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကားများအနက် အကောင်းဆုံးဇာတ်ကားများကို စိစစ်၍ အကယ်ဒမီဆုများ ပေးအပ်ခြင်းဖြစ်သည်။ ယခုနှစ်ဆုပေးပွဲတွင် ၂၀၁၀ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား (၁၅)ကားအနက်မှ အကောင်းဆုံး အနုပညာစွမ်းဆောင်ချက်များအပေါ် စိစစ်၍ အကယ်ဒမီဆုများ ချီးမြှင့်ခဲ့သည်။

၂၀၁၀ ခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားကို ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း၊ Forever Group Co.,Ltd.၊ Event Organizer **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❐

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမွန်တို့ ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

ကြေးမုံ စာ တည်း ရှု ထောင့်

၈-၂-၂၀၁၂[ဗုဒ္ဓဟူးနေ့]။

စီးပွားရေး၊ လူမှုဘဝ၊ ပြည်သူ့အသံ

လူတစ်ယောက်သည် မလုပ်သင့်သောအလုပ်၊ မလုပ်ရမည့်အလုပ်ကို ပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။ သို့မှသာ လုပ်သင့်သည့်အလုပ်၊ လုပ်ရမည့်အလုပ်ကို လုပ်နိုင်လာမည်ဟု ကိုယ်ကျင့်တရားကောင်းမွန်ရေးအဆိုအမိန့်တစ်ခု ရှိဖူးသည်။

စေ့စေ့တွေးကြည့်လျှင် အလွန်မှန်ကန်သောကျင့်စဉ်ဖြစ်ပြီး သီလမှနေ၍ လာသောသဘောမျိုးဖြစ်သည်။ တစ်ဖန် လူသည် သာမန်အားဖြင့် အသက်နှင့်လူမလုပ်၊ သိက္ခာနှင့်လူလုပ်သည်ဟု ဆိုထားပြန်သည်။ သို့သော် လက်တွေ့နယ်ပယ်တွင်မူ အချို့သောလူတို့သည် အာရုံငါးပါးနှင့်ယှဉ်လာလျှင် သိက္ခာကိုပင် အဆုံးအရှုံးခံတတ်သည့် အမူအကျင့်များကို တွေ့လာရသည်။ တစ်ခါ အူမတောင့်မှ သီလစောင့်မည်ဟု ဆိုလိုဆိုလာသည်။

အဆိုပါ ဝိရောဓိဖြစ်ဖွယ်အမူအကျင့်များမှာ စီးပွားရေး၏ ရေသောက်မြစ်မှ ပြောင်းလဲဖြစ်ပေါ်လာသည်ဟု ဆိုလျှင် ဆိုနိုင်သည်။ အရင်းစစ်လျှင် အမြစ်မြေမှ ဆိုသကဲ့သို့ ထိုလူတန်းစားတို့၏ ကြွေးကြော်သံမှာ အကျင့်စရိုက်ပျက်ယွင်းမှုထက် ဝင်ငွေနှင့် ထွက်ငွေမမျှတ၍ ပေါ်ထွက်လာသော သံစဉ်က ပိုများလိမ့်မည်ထင်သည်။

ဝယ်ကုန်တန်ဖိုးနည်းပြီး ထွက်ငွေသက်သာမှသာ ထိုလူတို့၏ ကြွေးကြော်သံများမှာ လျော့ပါးသွားဖွယ်ရှိသည်။ သို့သော် အပြောလွယ်သလောက် အလုပ်ခက်သည့် ဝင်ငွေနှင့် ထွက်ငွေမှာ သဟဇာတမရှိချေ။ ထွက်ငွေမှာ အနိုင်ယူစမြဲ ဗိုလ်စွဲလျက်ရှိသည်။ ထိုအခါ ကိုယ်ကျင့်တရားပျက်ယွင်းမှု၏ အပေါင်းအဖော်များဖြစ်သည့် ဝိသမလောဘနှင့် မသမာမှုတို့သည် ခေါင်းတလူလူနှင့် နယ်ပယ်စုံတွင် တွေ့လာရသည်။

မျက်မှောက်ကာလတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော စီမံခန့်ခွဲမှုဖြစ်စေရန် အစိုးရအဖွဲ့သစ်က ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိသောကြောင့် ကောင်းသောပြုပြင်ပြောင်းလဲမှုများနှင့်အတူ ထင်သာမြင်သာရှိသော တိုးတက်မှုအရိပ်လက္ခဏာများကို တွေ့မြင်ကြားသိနေရပေသည်။ ပြည်သူ့ကိုယ်စားလှယ်များကလည်း ပြည်သူအများစု ဝန်ထုပ်ဝန်ပိုးဖြစ်စေမည့် ကုန်ဈေးနှုန်းနှင့် အခြား Transaction Cost များ ကျဆင်းအောင် သက်ဆိုင်ရာများသို့ တိုက်တွန်းဆောင်ရွက်မှုများလည်း ပြုလုပ်လျက်ရှိသည်။

သို့သော် မလွှဲသာမရှောင်သာ ကြုံတွေ့လာနိုင်သည့် ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ယနေ့ တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများ၊ အခြေခံကုန်ထုတ်လုပ်သူများ ကြုံတွေ့နေရသည့် စပါးနှင့် သီးနှံများ ဈေးနိမ့်ကျ၍ အရှုံးပေါ်နေမှု၊ ငါးမွေးမြူထုတ်လုပ်သူများ အရှုံးပေါ်နေမှုများရှိနေသဖြင့် ထုတ်လုပ်သူများ အရှုံးပေါ်နေမှုသည် တောင်သူလယ်သမား၊ အလုပ်သမားနှင့် နိုင်ငံ့ဝန်ထမ်းများကို များစွာထိခိုက်နေကြောင်း သိရှိရသည်။

အဆိုပါ စီးပွားရေး၏ ဂယက်ကြောင့် စီးပွားရေးလုပ်ငန်းနယ်ပယ်တွင် ကမောက်ကမဖြစ်မှုနှင့် အမှုထမ်းနယ်ပယ်တွင် အဂတိလိုက်စားမှု၊ အလွဲသုံးစားပြုမှုတို့ကို အလေးပိုစေနိုင်ပေရာ စိုက်ကောင်းခင်းကောင်းတွင် မြက်ရိုင်းရှင်သန်သကဲ့သို့ ဖြစ်နေပေမည်။ ပေါင်းမြက်ကို နုတ်ခြင်းထက် ဆေးကောင်းဝါးကောင်း ထည့်လျှင် ပိုကောင်းမည့် အကြံကောင်း ဉာဏ်ကောင်းများလည်း ရလာသည်။ ဆေးကျွေးပြီးမှ ပေါင်းသင်ခြင်းသည် ပိုမိုသင့်လျော်သော အကြံဖြစ်မည်။

ယနေ့ကာလ ပြည်သူများကြားမှ ပြည်သူ့ကိုယ်စားလှယ်များ၏ ပေါ်ထွက်လာသော အသံသည် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေး အောင်မြင်စွာဖြစ်ထွန်းစေရေးအတွက် အကြံကောင်း၊ ဉာဏ်ကောင်းများပင် ဖြစ်သည်။ အခြေခံကျသော လူထုလူတန်းစားနှင့် စီးပွားရေးနယ်ပယ်ကောင်းမွန်ရေး၊ အခြေခံကျသော အုပ်ချုပ်ရေးယန္တရားမှ ပြည်သူ့ဝန်ထမ်းများ ဘဝနယ်ပယ်တည့်မတ်မှန်ကန်ရေးတို့အတွက် မဖြစ်မနေဆောင်ရွက်ရမည့် နိုင်ငံနှင့် ပြည်သူအကျိုးဖြစ်ထွန်းစေနိုင်သော ပြည်သူ့အသံများသာ ဖြစ်သည်။ ။

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၀/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားခြင်းကို ပယ်ဖျက်ခြင်း

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပမည့် ကြားဖြတ်ရွေးကောက်ပွဲတွင် လစ်လပ်လျက်ရှိသော မဲဆန္ဒနယ်များအနက် အနည်းဆုံးမဲဆန္ဒနယ်သုံးနယ်တွင် လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုနိုင်သည့် အောက်ပါနိုင်ငံရေးပါတီ(၂) ခုတို့အား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၁၂ (ခ) အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ထားခြင်းမှ ပယ်ဖျက်၍ ပါတီများကိုလည်း ဖျက်သိမ်းလိုက်သည်-

(၁) ဒီမိုကရက်တစ်မဟာမိတ်ပါတီ (DEMOCRATIC ALLIANCE PARTY)
(၂) ၈၈- ပြည်သူ့အင်အားစုပါတီ (88- FORCES OF PEOPLE'S PARTY)

အမိန့်အရ
ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်
ကြေညာချက်အမှတ် (၁၁/၂၀၁၂)
၁၃၇၃ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
(၂၀၁၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက်)

တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် အစားထိုးပြောင်းလဲခြင်း

၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည့် ပထမအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၀-၁-၂၀၁၁ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ်(၁/၂၀၁၁)တွင် ဖော်ပြထားသည့် အောက်ပါတပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲဖော်ပြပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

ကြည်း၂၇၅၀၀	**(အစား)**	**ကြည်း ၂၅၂၇၃**
ဗိုလ်မှူး ညီမောင်		**ဗိုလ်မှူးညီညီဇော်**

အမိန့်အရ
ဝင်းကို
အတွင်းရေးမှူး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပေါက်ခေါင်းမြို့နယ် ကျန်းမာရေးဦးစီးဌာန (၁၅)ကြိမ်မြောက် အရန်သားဖွားသင်တန်းဆင်း

ပေါက်ခေါင်း ဖေဖော်ဝါရီ ၇

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့နှင့် ပေါက်ခေါင်းမြို့နယ် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်ခဲ့သော (၁၅)ကြိမ်မြောက် အရန်သားဖွားသင်တန်းဆင်းပွဲအခမ်းအနားကို ပေါက်ခေါင်းမြို့နယ်ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၃၁ ရက် နံနက် ၈ နာရီက ကျင်းပရာ ပြည်ခရိုင်အုပ်ချုပ်ရေးမှူး ဦးအုံ့မော်က အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်သိန်းထွန်းက သင်တန်းဆင်းလက်မှတ်များနှင့် ထူးချွန်ဆုရ အရန်သားဖွားသင်တန်းသူများအား ဂုဏ်ပြုဆုကို ခရိုင်မိခင်နှင့်ကလေးဥက္ကဋ္ဌ ဒေါ်ဘောက်နန် **(အပေါ်ပုံ)**နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

(မြို့နယ်ပြည်သူ့ဆေးရုံ)

နိုင်ငံခြားငွေများ ဘဏ်စာရင်းပြောင်းနည်းဖြင့် ရောင်းဝယ်နိုင်ပြီ

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံတော် ဗဟိုဘဏ်သည် ပုဂ္ဂလိကဘဏ် ၁၁ ဘဏ်ကို ၂၅. ၁၁. ၂၀၁၁ ရက်တွင် နိုင်ငံခြားငွေရောင်းဝယ်ဖောက်ကားခွင့်လိုင်စင် (Authorized Dealer Licence) ထုတ်ပေးပြီး နိုင်ငံခြားဘဏ်လုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ခွင့်ပြုခဲ့သည်။

ယခုအခါ ၎င်းဘဏ်များသည် ပြည်ပဘဏ်များနှင့် အဆက်အသွယ်ဘဏ်ထူထောင်ခြင်း၊ နိုင်ငံတကာသုံးဘဏ်လုပ်ငန်းကွန်ရက် (SWIFT) စနစ်အတွင်းသို့ ဝင်ရောက်ချိတ်ဆက်နိုင်ရန် ဆောင်ရွက်ခြင်း၊ နိုင်ငံခြားငွေဖြင့် သတ်မှတ်သည့် မတည်ငွေရင်းများကို ထည့်ဝင်ခြင်းနှင့် ဝန်ထမ်းများအား လေ့ကျင့်ခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိသည်။

ပုဂ္ဂလိကဘဏ်များ

နိုင်ငံခြားငွေရောင်းဝယ်ဖောက်ကားခွင့်လိုင်စင်ထုတ်ပေးထားသည့် ပုဂ္ဂလိကဘဏ်များမှာ သမဝါယမ ဘဏ်လီမိတက်၊ မြဝတီဘဏ်လီမိတက်၊ မြန်မာအရှေ့တိုင်းဘဏ်လီမိတက်၊ ကမ္ဘောဇဘဏ်လီမိတက်၊ မြန်မာ့စက်မှုလက်မှု ဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ အင်းဝဘဏ်လီမိတက်၊ ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက်၊ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၊ ယူနိုက်တက်အမရာဘဏ်လီမိတက်နှင့် ဧရာဝတီဘဏ်လီမိတက်တို့ဖြစ်သည်။

ဆက်သွယ်စုံစမ်းနိုင်

ပြည်တွင်းရှိ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်များနှင့်ကုမ္ပဏီများ၊ အဖွဲ့အစည်းများ၊ ဟိုတယ်များ၊ ခရီးသွားလုပ်ငန်းများ၊ လေကြောင်းလိုင်းများ၊ တစ်ဦးချင်း နိုင်ငံခြားငွေစာရင်းပိုင်ရှင်များအနေဖြင့် မိမိတို့စာရင်းရှိ နိုင်ငံခြားငွေများကို ဘဏ်စာရင်းပြောင်းနည်း (Account Transfer) ဖြင့် ရောင်းဝယ်လိုပါက အထက်ပါဘဏ်များသို့ ၉ -၂ -၂၀၁၂ ရက်မှစ၍ ဆက်သွယ်ရောင်းဝယ်နိုင်ပြီဖြစ်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက သက်ဆိုင်ရာဘဏ်များတွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၇ - ၂ -၂၀၁၂

ငွေကြေးစနစ်	တစ်ဒေါ်လာလျှင်ယူနစ်	တစ်ယူနစ်လျှင်ဒေါ်လာ
ထိုင်း (ဘတ်)	၃၀. ၉၄၅၄	၀. ၀၃၂၃၁
တရုတ် (ယွမ်)	၆. ၃၀၉၆၀	၀. ၁၅၈၄၉
အိန္ဒိယ (ရူပီး)	၄၉. ၂၁၃၄	၀. ၀၂၀၃၂
မလေးရှား (ရင်းဂစ်)	၃. ၀၁၂၅၀	၀. ၃၃၁၉၅
စင်ကာပူ (ဒေါ်လာ)	၁. ၂၄၆၄၇	၀. ၈၀၂၂၇
ဂျပန် (ယန်း)	၇၆. ၇၉၃၇	၀. ၀၁၃၀၂
တောင်ကိုရီးယား(ဝမ်)	၁၁၁၈. ၈၁	၀. ၀၀၀၈၉
ယူရို	၀. ၇၅၇၉၄	၁. ၃၁၉၃၇
ဗြိတိသျှ (ပေါင်)	၀. ၆၃၁၃၁	၁. ၅၈၄၀၁

အင်တာနက်။

မူးယစ်ကိုပစ် ပန်းတိုင်သစ်
စိတ်သစ် လူသစ် ဘဝသစ်

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၈-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

၇း၀၀ ၁။ နိုင်ငံတော်သီချင်း
၇း၀၃ ၂။ တရားတော်
၇း၁၅ ၃။ ဓမ္မပူဇာတေး
၇း၂၀ ၄။ မျိုးချစ်တပ်မတော်
၇း၃၀ ၅။ အေးချမ်းသာယာပြည်မြန်မာ
၇း၅၀ ၆။ အမျိုးသားရေးတေးကဗျာ
၄း၁၀ ၇။ မျိုးချစ်တပ်မတော်
၄း၁၅ ၈။ လျှပ်တစ်ပြက်
၄း၂၅ ၉။ အမျိုးသားရေးတေးကဗျာ
၄း၃၅ ၁၀။ အေးချမ်းသာယာပြည်မြန်မာ
၄း၅၀ ၁၁။ ၂၀၁၂ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (မြန်မာစာ)
၅း၂၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -မာယာနှုတ်ခမ်း(အပိုင်း-၁၄၁)**
၆း၃၅ ၁၃။ ကာတွန်းအစီအစဉ် -စူပါဟမ်းစတား (အပိုင်း-၂၂)
၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ချစ်ခွန်းဖွဲ့သီချစ်သူဆီ (အပိုင်း-၄၉)**
၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
၁၆။ ရယ်စရာပျော်စရာဟာသကမ္ဘာ -ဖက်ရှင်ဒီဇိုင်းမော်ဒယ်ဘွိုင်း (ဇာတ်သိမ်း) ကောင်းပြည့်၊ ယဉ်သူထိုက်၊ ဦးဝင်းနိုင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ စိန်လင်း (ပုံရိပ်ရွှေမြေ)
၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -တစ်နေ့သောအခါ (အပိုင်း-၁၄)**
၁၈။ **ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအလုပ်အမှုဆောင်အဖွဲ့ကို ရုပ်ရှင်လောကသားများ၏ဆန္ဒနှင့်အညီ ပြန်လည်ဖွဲ့စည်းရေး ဆောင်ရွက်မည် နောင်ဆက်လက်ကျင်းပမည့် ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲများကိုလည်း ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန် ရည်ရွယ်ထား

အမှာစကား ပြောကြား

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်ကြစဉ်နှင့် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❐ ရွှေဖုံးမှ

ဖြစ်သော Forever Blossom Co.,Ltd. နှင့် ထိုင်းနိုင်ငံ Index Creative Village အဖွဲ့အစည်းတို့က ယခင်နှစ်နှင့်မတူသည့် စင်မြင့်အပြင်အဆင်များ၊ အဆင့်မြင့်မီးစနစ်များ၊ အသံစနစ်များ၊ ရိုက်ကူးမှုပြကွက်များ၊ Digital Mapping စနစ်များဖြင့် ထူးခြားစွာ တင်ဆက်ရာ အထူးစည်ကားသိုက်မြိုက်လှသည်။

ယခင်နှစ်များနှင့်မတူ သတင်းမီဒီယာသမားများ စည်းကမ်းတကျ သတင်းမှတ်တမ်းများ ရယူနိုင်ခြင်း၊ ရုပ်သံမီဒီယာများနှင့် ပုံနှိပ်မီဒီယာများအတွက် ဓာတ်ပုံရိုက်ကူးရန် နေရာပြုလုပ်ထားသဖြင့် လွယ်ကူစွာ ဝင်/ထွက် ရိုက်ကူးနိုင်ခြင်း၊ စင်မြင့်အနီးတွင် ရိုက်ကူးခွင့်ပြုထားသော ဓာတ်ပုံဆရာများ၊ သတင်းထောက်များကလည်း ၎င်းတို့ရိုက်ကူးထားသော ဓာတ်ပုံများကို Fibre ဆက်ကြောင်းမှ Media Center သို့ ပေးပို့နိုင်သဖြင့် သတင်းသမားများ အချိန်နှင့်တစ်ပြေးညီ ကူးယူနိုင်ခြင်းတို့မှာ ယခုနှစ်ဆုပေးပွဲ၏ ထူးခြားချက်ပင်ဖြစ်သည်။

အခမ်းအနားပြင်ဆင်မှုအနေဖြင့်လည်း ယခင်နှစ်များနှင့်မတူ တစ်မူထူးခြားစွာဖြင့် အနုပညာရှင်များအတွက် ကော်ဇောလျှောက်လမ်းများ၊ ဓာတ်ပုံရိုက်ကူးရန်နေရာများ၊ ၂၀၁၀ခုနှစ်အတွင်း အကျုံးဝင်သည့် မြန်မာ့ရုပ်ရှင်ဇာတ်ကားများပြသသည့် ဒစ်ဂျစ်တယ်ကော်နာများ၊ ယဉ်ကျေးမှုဝန်ကြီးဌာန၏ အကူအညီဖြင့် ဖန်တီးထားသော မြန်မာမှုဒီဇိုင်းအပြင်အဆင်များအပြင် မုခ်ဦးအပြင်အဆင်များ၊ အကာအရံများ၊ လုံခြုံရေးစနစ်များကိုလည်း စနစ်တကျ စီစဉ်ပေးထားသဖြင့် အခမ်းအနားသို့ တက်ရောက်လာသူများ စိတ်ကြည်နူးချမ်းမြေ့မှု ဖြစ်ကြရသည်။

ညနေ ၅ နာရီမှစတင်၍ ဖျော်ဖြေရေးစင်မြင့် အမှတ်(၁)နှင့် အမှတ်(၂)တို့တွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဆိုင်းဝိုင်း၊ ရောင်စဉ်လှိုင်းတေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ အဆိုတော်များ၊ Forever Blossom Co., Ltd. က စီစဉ်ထားသော အဆိုတော်များ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးမှ အနုပညာရှင်များက ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ယခုနှစ် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားတွင် အသုံးပြုသည့် Digital Mapping စနစ်သည် ကမ္ဘာပေါ်တွင် အကောင်းဆုံးနည်းပညာများဖြင့် နိုင်ငံတကာအဆင့်မီ တပ်ဆင်ထားသော Projector များကို အသုံးပြုထည့်သွင်းပြသခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းက ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ချီးမြှင့်သည့် အခမ်းအနားကို ယနေ့ ညနေပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံ၌ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမှုန်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့မှ ကိုယ်စားလှယ်များ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာ့ရုပ်ရှင် အဆင့်အတန်းမြှင့်တင်ရေး အကဲဖြတ်အဖွဲ့ဝင်များ၊ ရုပ်ရှင်ဆင်ဆာအဖွဲ့နှင့် ဗီဒီယိုဆင်ဆာအဖွဲ့တို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံး၊ မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ မြန်မာ့ရုပ်ရှင်အနုပညာရှင်များ၊ ရုပ်ရှင်ထုတ်လုပ်သူများနှင့် ရုပ်ရှင်မြတ်နိုးသူ ပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ရွှေစင်ကြယ်ကိုးပွင့်အကဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ဒစ်ဂျစ်တယ်ငွေစင်ကြယ်ကိုစိုက်၍ ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆုချီးမြှင့်သည့် အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက အမှာစကားပြောကြားရာတွင် ယခုကဲ့သို့ မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်ပွဲအခမ်းအနားကို စုံစုံညီညီသိုက်သိုက်ဝန်းဝန်းကြွရောက်အားပေးကြသည့်အတွက် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊

ယနေ့ည ကျင်းပသည့် အခမ်းအနားတွင် ၂၀၁၀ ခုနှစ်အတွင်း ထုတ်လုပ်ရုံတင်ပြသခဲ့သော မြန်မာ့ရုပ်ရှင်ဇာတ်ကားများထဲမှ ထူးချွန်သည့် အနုပညာရှင်များ၊ အတတ်ပညာရှင်များကို စိစစ်ရွေးချယ်ပြီး အကယ်ဒမီထူးချွန်ဆုများ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါကြောင်း၊ မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်မြင့်မားစေရေးကို ရှေးရှုလျက် နိုင်ငံတော်က ၁၉၅၂ ခုနှစ်မှစပြီး ပေါ်ပေါက်လာသည့် အစိုးရအဆက်ဆက်က နှစ်စဉ်ရုပ်ရှင်အကယ်ဒမီရွှေစင်ဆုများ ရွေးချယ်ချီးမြှင့်ခဲ့ရာ ယခုအခါတွင် ထူးချွန်ဆု အမျိုးအစား ၁၁ မျိုးကို ချီးမြှင့်ပေးလျက်ရှိပြီး ယနေ့ထိချီးမြှင့်ပေးခဲ့ပြီးသော ထူးချွန်ဆုပေါင်းသည် ၃၂၈ ဆုအထိ ရှိခဲ့ပြီဖြစ်ပါကြောင်း။

မြန်မာ့ရုပ်ရှင်သမိုင်းကို ပြန်လေ့လာကြည့်မည်ဆိုလျှင် ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောကအကျိုး၊ တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် စစ်ကြိုခေတ်ကာလအတွင်းတွင် လည်းကောင်း၊ **စာမျက်နှာ ၄ ကော်လံ ၁ သို့ ✻**

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုရရှိကြသော ခင်မောင်ဦး၊ စိုးသိမ်းထွဋ်တို့အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်တေးဂီတဆုရရှိသော မြန်မာပြည်ကျောက်စိမ်းအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုရရှိသော ဦးမြင့်ခိုင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၃ မှ

လွတ်လပ်ရေးကြိုးပမ်းမှု အကြိုကာလတစ်လျှောက်လုံးတွင် လည်းကောင်း၊ နယ်ချဲ့နှင့် ဖက်ဆစ်ကို တော်လှန်သော လွတ်လပ်ရေးကြိုးပမ်းမှုကာလများတွင် လည်းကောင်း၊ ထို့ပြင် လွတ်လပ်ရေးကို ကာကွယ်ထိန်းသိမ်းခဲ့ရသည့်ကာလများနှင့် ယနေ့မျက်မှောက် နိုင်ငံတော်သစ် တည်ဆောက်ရေးကာလများတွင် လည်းကောင်း၊ မိမိတို့ကျရာ အခန်းကဏ္ဍမှ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်နေကြသည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း ခေတ်ကာလအသီးသီးတွင် ရုပ်ရှင်အတတ်ပညာ အသိပညာထူးချွန်ကြသည့် ရုပ်ရှင်လောကသားများကို ယခုကဲ့သို့ ဆုများချီးမြှင့်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ထို့အပြင် **၂၀၁၂ ခုနှစ် (၆၄)နှစ်မြောက် လွတ်လပ်ရေးနေ့တွင်လည်း နိုင်ငံနှင့် လူမျိုးအကျိုး၊ အမျိုးသားရေးအကျိုးတို့ကို အစဉ်ရှေးရှုပြီး အနုပညာဖြင့် တိုင်းကျိုးပြည်ပြုတာဝန်ကျေပွန်ခဲ့ကြသည့် အနုပညာရှင်အများအပြားကို နိုင်ငံတော်သမ္မတကြီးက စည်သူဘွဲ့များ ချီးမြှင့်ခဲ့ပြီးဖြစ်ပါကြောင်း၊ ထို့အတူ ယခုနှစ် ကျင်းပသည့် ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲအခမ်းအနားကိုလည်း ပိုမိုဆန်းသစ်ခမ်းနားကောင်းမွန်အောင် IT နည်းပညာကို အသုံးပြုဆောင်ရွက်ပေးထားသည်ကို တွေ့မြင်နိုင်ပါကြောင်း။**

ပြည်သူများ၏ ရွေးချယ်တင်မြှောက်မှုဖြင့် ယနေ့ တိုင်းပြည်တာဝန်ထမ်းဆောင်နေသည့် မိမိတို့ပြည်ထောင်စုအစိုးရသည် ပြည်သူများလိုလားတောင့်တသည့်အတိုင်း နိုင်ငံတော်၏ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဒီမိုကရေစီကျင့်စဉ်များထွန်းကားရေး၊ ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် သန့်ရှင်းသောအစိုးရ ဖြစ်ပေါ်ရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံသားများ၏ မူလအခွင့်အရေးများ ရရှိရေး၊ ပညာရေးနှင့် ကျန်းမာရေးအဆင့်အတန်းမြှင့်တင်ရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲရေး၊ နိုင်ငံနှင့်ပြည်သူတို့၏ အနာဂတ် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မြင့်မားရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် နိုင်ငံတကာဆက်ဆံရေး လုပ်ငန်းများကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ပြုပြင်ပြောင်းလဲတိုးမြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ကြောင့်လည်း အစိုးရသစ်၏ ၁၀ လတာကာလအတွင်း နိုင်ငံတကာကပါ အံ့သြအသိအမှတ်ပြုရလောက်အောင် နိုင်ငံရေး၊ စီးပွားရေး၊ ဒီမိုကရေစီရေး၊ လူမှုရေးစသည့်ဘက်စုံ၊ ထောင့်စုံ ကဏ္ဍစုံတွင် ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှုများ ရရှိခဲ့သည်ကို တွေ့မြင်ရမည်ဖြစ်ပါကြောင်း။

ယခုလို ပြုပြင်ပြောင်းလဲတိုးမြှင့်ဆောင်ရွက်ရာတွင်လည်း အခြေခံဥပဒေနှင့်အညီ ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေးမဏ္ဍိုင်၊ တရားစီရင်ရေးမဏ္ဍိုင်တို့ကို တည်ဆောက်ပြီး ဒီမိုကရေစီကျင့်စဉ်အတိုင်း သီးခြားစီလွတ်လပ်စွာဆောင်ရွက်ခြင်း၊ တစ်ဖက်ကလည်း အပြန်အလှန်ထိန်းညှိခြင်းတို့ဖြင့် ဖော်ဆောင်လျက်ရှိပါကြောင်း၊ ထို့အတူ မဏ္ဍိုင် သုံးရပ်ကို ထိန်းကျောင်းပေးရမည့် စတုတ္ထမဏ္ဍိုင်ဟု တင်စားကြသော သတင်းမီဒီယာကဏ္ဍကိုလည်း လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲ

တိတိကျကျရှိရန် လိုအပ်မည်အမှန်ပင်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးနှင့် ရုပ်ရှင်လောကသားများ ဆောင်ရွက်ကြရမည့် ရည်ရွယ်ချက် (၅)ရပ်ကို မိမိအနေဖြင့် အခါအခွင့်သင့်တိုင်း မကြာခဏ ရှင်းလင်းပြောကြားခဲ့ပြီး ဖြစ်ပါကြောင်း၊ ယခုလည်း အခွင့်သင့်တုန်း ရုပ်ရှင်လောကသားများ ထပ်မံသိရှိကြိုးပမ်းနိုင်အောင် ပြန်လည်ပြောကြားလိုပါကြောင်း၊ ယင်းရည်ရွယ်ချက်များမှာ-

(၁) ရုပ်ရှင်လောကသားများ၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ရန်။
(၂) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုထုတ်လုပ်မှုစက်မှုနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရန်။
(၃) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ၏ အဆင့်အတန်း၊ အရည်အသွေး မြင့်မားအောင် ကြိုးပမ်းဆောင်ရွက်ကြရန်။
(၄) မြန်မာ့ရုပ်ရှင်နှင့် ဗီဒီယိုဇာတ်ကားများ ပြည်ပသို့ ထိုးဖောက်ပြသပြီး ဈေးကွက်ရရှိအောင် ဆောင်ရွက်ကြရန်။
(၅) နိုင်ငံတော်၏ အမျိုးသားရေးတာဝန်များကို နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပူးပေါင်းထမ်းဆောင်ကြရန်။

ဆိုသည့် အချက်များပင်ဖြစ်ပါကြောင်း။

ဆက်လက်ပြီး ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ ဦးဆောင်မှုဖြင့် ရုပ်ရှင်လောကသားများ အဓိကထားဆောင်ရွက်သင့်သည့် အချက် (၅)ချက်ကိုလည်း ရုပ်ရှင်လောကသားများ ထပ်မံသိရှိကြိုးပမ်းနိုင်အောင်နှင့် အလေးထားပူးပေါင်းဆောင်ရွက်နိုင်အောင် မိမိပြန်လည်ပြောကြားလိုပါကြောင်း၊ ယင်းအချက်များမှာ-

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ဒစ်ဂျစ်တယ်ငွေစင်ကြယ်ကိုစိုက်၍ ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနားကို ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ထို့အပြင် ၂၀၀၅ ခုနှစ်ကတည်းက ဆွေးနွေးချမှတ်မှာကြားအကြံပြုခဲ့သော ရုပ်ရှင်လောကတိုးတက်ရေးလုပ်ငန်းစဉ် (၁၂)ရပ်ကိုလည်း ရုပ်ရှင်အစည်းအရုံးက ဦးဆောင်ပြီး ရုပ်ရှင်လောကသားအားလုံးတက်ညီလက်ညီ ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြပါဟု ထပ်မံတိုက်တွန်းမှာကြားလိုပါကြောင်း၊ ယင်းလုပ်ငန်းများ အောင်မြင်စေရန်အတွက် ပူးပေါင်းဆောင်ရွက်ကြသည့် နေရာတွင် အခက်အခဲများ၊ ဝိရောဓိများ အများအပြားနှင့် ကြုံတွေ့ကောင်းကြုံတွေ့ကြရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုရရှိသော ဝါဝါအောင်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုရရှိသော ဝေဠုကျော်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသော သက်မွန်မြင့်အား ဆုချီးမြှင့်စဉ်။
(သတင်းစဉ်)

ကျင့်သုံးပြီး ထိန်းကျောင်းပေးနိုင်အောင်နှင့် ၎င်းကိုယ်တိုင်လည်း စတုတ္ထမဏ္ဍိုင်၏ အရည်အချင်းများနှင့် ပြည့်စုံအောင်ကြိုးပမ်းဖော်ဆောင်ပေးလျက်ရှိနေပါကြောင်း။

စတုတ္ထမဏ္ဍိုင်ထဲတွင် အပါအဝင်ဖြစ်သော ပြည်သူအား ပညာပေးခြင်း၊ ပြန်ကြားပေးခြင်း၊ ဖျော်ဖြေပေးခြင်းတို့ကို ဆောင်ရွက်ပေးနေသည့် ရုပ်ရှင်ဗီဒီယိုလောကနှင့် ပတ်သက်၍လည်း ယခင်က ကျင့်သုံးဆောင်ရွက်ခဲ့သော ရုပ်ရှင်နှင့် ဗီဒီယိုဆင်ဆာစည်းကမ်းချက် ၁၀ ရပ်အနက် လေးရပ်ကို လျှော့ပေါ့ပေးခဲ့ပြီး အနုပညာကိုပိုမိုကျယ်ပြန့်စွာ ဖန်တီးဖော်ကျူးနိုင်အောင် ခွင့်ပြုပေးနေပြီဖြစ်ပါကြောင်း၊ ယခုကဲ့သို့ဆောင်ရွက်သည့်အခါတွင်လည်း ရုပ်ရှင်ဗီဒီယိုအနုပညာရှင် အတတ်ပညာရှင်များအနေဖြင့် လွတ်လပ်မှုနှင့်တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားဟူသည့်အချက် (၂)ချက်ကို ယှဉ်တွဲကျင့်သုံးပြီး မိမိတို့၏ အနုပညာကိုဖန်တီးတီထွင်ဖော်ကျူးသွားကြရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားပြည့်ဝကောင်းမွန်လာသည်နှင့်အမျှ ကျန်ရှိသော ဆင်ဆာမှုများအနက်မှ ထပ်မံဖြေလျှော့သင့်သည်များကို ဖြေလျှော့ပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းမှာလည်း ရုပ်ရှင်လောကသားများအနေဖြင့် ရုပ်ရှင်လောကအကျိုး၊ တိုင်းပြည်နှင့် လူမျိုးအကျိုး အခြေခံပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် သိုက်သိုက်ဝန်းဝန်း ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာကောင်းများကို တိုးတက်ပြောင်းလဲလာသည့်ခေတ်စနစ်နှင့်အညီ လွတ်လပ်စွာ ဆက်လက်ထိန်းသိမ်းမြှင့်တင်ဖော်ဆောင်နိုင်ရန်ပင်ဖြစ်ပါကြောင်း။

ထွန်းပြောင်ခဲ့သော မြန်မာ့ရုပ်ရှင်သမိုင်းအစဉ်အလာကောင်းကို ထိန်းသိမ်းမြှင့်တင်နိုင်ရန်အတွက်ဆိုလျှင် ခေတ်ကာလအခြေအနေနှင့်ညီညွတ်သည့် ရည်ရွယ်ချက်

(၁) နိုင်ငံတော်၏ မူဘောင်နှင့်အညီ ခေတ်မီ Studio များကိုလည်း တစ်ဦးတည်းဖြစ်စေ၊ အများနှင့်ဖြစ်စေ ပူးပေါင်းအကောင်အထည်ဖော်တည်ဆောက်ရန်။
(၂) ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ခြင်း၊ ကူးဆေးခြင်း၊ ပြည်တွင်းသာမက ပြည်ပတွင်ပါ ပြသခြင်းလုပ်ငန်းများကို ပြည်ပနိုင်ငံများနှင့်ကျယ်ကျယ်ပြန့်ပြန့် ပူးပေါင်းဆောင်ရွက်ရန်။
(၃) ရုပ်ရှင်ရိုက်ကူးထုတ်လုပ်ပြသမှုကို Analogue မှ Digital သို့ ကူးပြောင်းနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်။
(၄) ပုဂ္ဂလိကပိုင်နှင့် နိုင်ငံတော်ထံမှ ငှားရမ်းလုပ်ကိုင်နေသည့် ရုပ်ရှင်ရုံများကို အသံစနစ်၊ ပြသမှုစနစ်များ ခေတ်မီအောင် ပြုပြင်တည်ဆောက်သွားကြရန်။
(၅) တစ်ပြိုင်နက်တည်း နိုင်ငံတကာအဆင့်မီ Cinema Complex များ Digital Cinema ရုပ်ရှင်ရုံများ ပေါ်ပေါက်လာအောင် ဆောင်ရွက်ကြရန်

ဟူသည့် အချက်များပင်ဖြစ်ပါကြောင်း၊ ယင်းအချက်များကိုကြည့်လျှင် မြန်မာ့ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများအကျိုးအတွက် ဦးတည်တိုက်တွန်းနိုးဆော်ချက်များဖြစ်သည်မှာ ထင်ရှားနေသည့်အတွက် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးအနေဖြင့်ရော ရုပ်ရှင်လောကသားများအားလုံးကပါ ယင်းအချက်များကို အဓိကလိုအပ်ချက်များအဖြစ်ခံယူပြီး ယခုလက်ရှိဆောင်ရွက်နေကြသည်ထက် ပိုမိုအရှိန်အဟုန်မြှင့်တင်ကာ နည်းလမ်းပေါင်းစုံဖြင့် အလေးထားကြိုးပမ်းဆောင်ရွက်သွားကြရန် ထပ်မံတိုက်တွန်းမှာကြားလိုပါကြောင်း။

ထို့ကြောင့် ကြုံတွေ့လာသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်ရန်ကြိုးပမ်းဆောင်ရွက်ကြရာတွင်-

(၁) ရုပ်ရှင်နှင့် ဗီဒီယိုလောကဖွံ့ဖြိုးတိုးတက်ရေးဆိုသည့် ရည်ရွယ်ချက်၊
(၂) အတ္တပရမ္မတစွာ ဆောင်ရွက်မှု၊
(၃) ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် ကြိုးပမ်းဆောင်ရွက်မှု၊
(၄) စည်းလုံးညီညွတ်မှု၊
(၅) ပူးပေါင်းဆောင်ရွက်မှု၊
(၆) စိတ်ရှည်သည်းခံ နားလည်ခွင့်လွှတ်မှုဆိုသည့် အချက်များကို အခြေခံပြီး ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားကြမည်ဆိုလျှင် မအောင်မြင်နိုင်စရာ မရှိဘူးဟု ယုံကြည်မိပါကြောင်း၊ ယခုကဲ့သို့ အောင်မြင်နိုင်ရန်အတွက် ဝန်ကြီးဌာနအနေဖြင့်လည်း အတတ်နိုင်ဆုံး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ဆက်လက်ပြီးတော့လည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကို တစ်ပါတည်း ပြောကြားလိုပါကြောင်း။

ဤနေရာတွင် တစ်ဆက်တည်းပြောကြားလိုသည်မှာ **နိုင်ငံတော်က မြန်မာ့ရုပ်ရှင်လောက ဖွံ့ဖြိုးတိုးတက်အောင် အားပေးချီးမြှင့်ခြင်း၊ ထိန်းကျောင်းပေးခြင်း မျှမျှတတဖြစ်စေမည့် ရည်ရွယ်ချက်များ၊ လမ်းညွှန်ချက်များ၊ လုပ်ငန်းစဉ်များ ချမှတ်ခြင်းတို့ကို ဆောင်ရွက်ပေးနေသကဲ့သို့ ရုပ်ရှင်လောကသားများ မှီခိုအားထားရာဖြစ်သည့် မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး၏ အလုပ်အမှုဆောင်အဖွဲ့ကိုလည်း ရုပ်ရှင်လောကသားများ၏ ဆန္ဒနှင့်အညီ မှီခိုအားထားထိုက်သည့်သူများဖြင့် ပြန်လည်ဖွဲ့စည်းနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊**

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❍

❍ စာမျက်နှာ ၄ မှ

ထို့အတူ နောင်ဆက်လက်ကျင်းပမည့် ရုပ်ရှင်အကယ်ဒမီဆုချီးမြှင့်ပွဲများကိုလည်း ညှိနှိုင်းပြီး ပြုပြင်ပြောင်းလဲဆောင်ရွက်သွားရန် ရည်ရွယ်ထားပါကြောင်း၊ ယင်းကဲ့သို့ပင် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများအတွက် ဖွဲ့စည်းဆောင်ရွက်ပေးနေသည့် အဖွဲ့များတွင်လည်း ရုပ်ရှင်နှင့် ဗီဒီယိုလောကသားများ၏ ကိုယ်စားလှယ်များကို ပြဋ္ဌာန်းထားသော ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီ ပါဝင်ခွင့်ရှိရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းကိုပါ တစ်ပါတည်း ပြောကြားလိုပါကြောင်း။

ယခုကာလများအတွင်း ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်မှုနည်းပညာများ အမျိုးမျိုး ပြောင်းလဲလာခဲ့သကဲ့သို့ စက်ပစ္စည်းကိရိယာ အသစ်အသစ်များ အသုံးပြုရိုက်ကူးထုတ်လုပ်လာနိုင်ခဲ့ခြင်းကြောင့် ကမ္ဘာတွင် ရုပ်ရှင်အဆင့်အတန်းသည် အဆင့်ဆင့်တိုးတက်မြင့်မားလာခဲ့သည်ကိုလည်း တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ထို့အတူ ထုတ်လုပ်မှုအဆင့်အတန်းနှင့် လျော်ညီသော ပြသမှုစနစ်များ တိုးတက်ပြောင်းလဲအသုံးပြုလာသည့်အတွက်လည်း ထူးခြားကောင်းမွန်သော အမြင်၊ အကြား၊ ရသများကို ကြည့်ရှုခံစားနိုင်ကြပြီဖြစ်ပါကြောင်း။

ယနေ့ မြန်မာ့ရုပ်ရှင်လောကအဆင့်အတန်းကို ကြည့်လျှင် ဇာတ်လမ်းဇာတ်ကွက်အပိုင်း၊ သရုပ်ဆောင်မှု၊ ဝတ်စားဆင်ယင်မှုအပိုင်း၊ Studio အပါအဝင် ရိုက်ကူးရေးအထောက်အကူပြုအပိုင်း၊ ပြသမှုနှင့် ရုပ်ရှင်ရုံဝန်ဆောင်မှုအပိုင်း၊ ပြည်ပဈေးကွက်ထိုးဖောက်ပြသနိုင်မှုအပိုင်း၊ စက်မှုနည်းပညာအပိုင်းနှင့် ထုတ်လုပ်သူအပိုင်း စသည့်လုပ်ငန်းအားလုံးတွင် အားနည်းချက်၊ လိုအပ်ချက်များ ရှိနေသေးသည်ကို တွေ့ရပါကြောင်း၊ သို့ရာတွင် ယင်းအားနည်းလိုအပ်ချက်များကို အတိုင်းအတာတစ်ခုအထိ ပြည့်မီအောင် ဖြည့်ဆည်းဆောင်ရွက်ပြီး ပြည်ပဈေးကွက်သို့ ထိုးဖောက်ပြနိုင်အောင် ကြိုးစားဆောင်ရွက်နေကြသည်ကိုလည်း အားတက်ဖွယ် တွေ့ရှိရပါကြောင်း။

ယခုကဲ့သို့ ရုပ်ရှင်ထုတ်လုပ်မှုအဆင့်အတန်းမြင့်မားလာသကဲ့သို့ ပြသမှုအပိုင်းက အဆင့်အတန်း မြင့်မားလာရန်လည်း လိုအပ်ပါကြောင်း၊ သို့မှသာ ဟန်ချက်ညီ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့်လည်း တစ်နိုင်ငံလုံးရှိ ရုပ်ရှင်ပြသရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပြီး ရုပ်ရှင်ရုံများခေတ်မီအဆင့်အတန်း မြင့်မားအောင် ပြုပြင်ဆောင်ရွက်ရမည့် အချက်များကိုလည်း ချမှတ်အကြံပြုခဲ့ပြီး ဖြစ်ပါကြောင်း၊ **တစ်ဖက်ကလည်း နိုင်ငံတကာအဆင့်မီ ခေတ်မီအဆင့်မြင့်ရုပ်ရှင်ရုံများ တည်ဆောက်ရေးကိုလည်း အားပေးခဲ့ပါကြောင်း၊ ထို့ကြောင့်လည်း ယခုအခါ နေပြည်တော်၌ 3D စနစ်နှင့် ကြည့်ရှုနိုင်သော ရုပ်ရှင်ရုံတစ်ရုံအပါအဝင် ခေတ်မီအဆင့်မြင့် ရုပ်ရှင်ရုံသုံးရုံ ပေါ်ပေါက်လာခဲ့ပြီး ဖြစ်ပါကြောင်း၊ ထို့အတူ ရန်ကုန်မြို့၌လည်း နိုင်ငံတကာအဆင့်မီ ခေတ်မီ ရုပ်ရှင်ရုံများကို 3D စနစ်ဖြင့် ကြည့်ရှုနိုင်သော ရုပ်ရှင်ရုံများအပါအဝင် ယခုနှစ်အတွင်းတွင် မကြာမီလပိုင်းများအတွင်း ထပ်မံဖွင့်လှစ်နိုင်တော့မည် ဖြစ်ပါကြောင်း၊ အလားတူ မန္တလေးတွင်လည်း အသစ်တည်ဆောက်ဖွင့်လှစ်နိုင်တော့မည်ဖြစ်ပါကြောင်း၊** ယနေ့အခါ ကမ္ဘာ့ရုပ်ရှင်ထုတ်လုပ်မှုနှင့် ပြသမှုစနစ်သည် Digital စနစ်ကို ကူးပြောင်းလာပြီဖြစ်သည့်အတွက် မိမိတို့နိုင်ငံအနေဖြင့်လည်း ရုပ်ရှင်ထုတ်လုပ်မှု၊ ပြသမှုလုပ်ငန်းများကို Digital စနစ်နှင့် ထုတ်လုပ်ပြသနိုင်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ရုပ်မြင်သံကြားဇာတ်လမ်းတွဲ တစ်ခုနှင့် ဒုတိယကမ္ဘာစစ်ကို အခြေခံသော ရုပ်ရှင်ဇာတ်ကားတစ်ကားကိုလည်း အိမ်နီးချင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးတွဲရိုက်ကူးထုတ်လုပ်နိုင်ရေးအတွက် ၂၀၀၇ ခုနှစ်ကပင် တစ်ဆင့်ပြီးတစ်ဆင့် ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ယခုအခါတွင် ပဏာမ သဘောတူညီချက်လက်မှတ်ရေးထိုးရန်အဆင့်အထိ ရောက်ရှိနေပြီဖြစ်ပါကြောင်း၊ တစ်ဆင့်ပြီးတစ်ဆင့် အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့အတူ ပုဂ္ဂလိကနှင့် အဖွဲ့အစည်းများ၏ ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပနှင့်တွဲ၍ဖြစ်စေ၊ ရုပ်ရှင်ဗီဒီယို ရိုက်ကူးထုတ်လုပ်ပြသမှုများကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် တတ်နိုင်သမျှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း၊ ထို့အပြင် ပြည်တွင်းရှိ ရုပ်ရှင်ဗီဒီယို အနုပညာရှင် အတတ်ပညာရှင်များ ဗဟုသုတနှင့် ပညာရရှိရေး ပူးပေါင်းဆက်စပ်ဆောင်ရွက်နိုင်ရေးအတွက် အာဆီယံနိုင်ငံများ၊ အာဆီယံနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်နေသည့် မိတ်ဖက်နိုင်ငံများနှင့် Seminor များ၊ Workshop များကို စတင်ကျင်းပပြုလုပ်ပေးနေပြီး ဆက်လက်ပြီးလည်း ကျင်းပပြုလုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ယနေ့အခါ ကမ္ဘာ့နိုင်ငံအသီးသီးသည် အရာရာကို မိမိတို့၏ အမျိုးသားအကျိုးစီးပွားအပေါ် အခြေခံပြီးမှသာ ဆုံးဖြတ်ဆောင်ရွက်နေကြသည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ ထို့အတူ မိမိတို့နိုင်ငံတွင် ပါတီစုံဒီမိုကရေစီကို ကျင့်သုံးကြရာတွင်လည်း ပါတီများ၊ နိုင်ငံရေးသမားများ၊ ပြည်သူများအနေဖြင့် အတွေးအခေါ် အယူအဆ နိုင်ငံရေးဝါဒများ ကွဲပြားကြမည်ဖြစ်သော်လည်း အားလုံးက အမျိုးသားအကျိုးစီးပွားပေါ် အခြေခံ၍ သဘောထားမတူတာတွေဘေးဖယ်ပြီး တူတာတွေပေါင်းစပ်ဆောင်ရွက်ကြရမည်သာ ဖြစ်ပါကြောင်း၊ သို့မှသာ ဒီမိုကရေစီစနစ်အတွင်းမှ တိုင်းပြည်နှင့် လူမျိုးအကျိုးကို ထိထိရောက်ရောက် ဖော်ဆောင်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်လောကသားများအပါအဝင် စတုတ္ထမဏ္ဍိုင်ဖြစ်သည့် Media လောကသားအားလုံးကလည်း အမျိုးသားအကျိုးစီးပွားဘက်တော်သား Media သမားကောင်းများဖြစ်အောင်ကျင့်သုံးရပ်တည်ဆောင်ရွက်သွားကြရန် အထူးအရေးကြီးသည်ဟု ပြောကြားလိုပါကြောင်း။

ထိုသို့ ဆောင်ရွက်သည့်နေရာတွင်လည်း အောက်ပါအချက်များကို လေးစားလိုက်နာကျင့်သုံးရန် တိုက်တွန်းပြောကြားလိုပါကြောင်း၊ ၎င်းတို့မှာ

- ဒီမိုကရေစီမှန်မှန်ကန်ကန်နှင့် အနှစ်သာရရှိရှိ ကျင့်သုံးဆောင်ရွက်နိုင်စေရန် စတုတ္ထမဏ္ဍိုင်ပီသစွာ ရပ်တည်ထိန်းကျောင်းဆောင်ရွက်ရန်။
- အမျိုးသားအကျိုးစီးပွားကို အခြေခံ၍ဆောင်ရွက်ရန်။
- ရုပ်ရှင်နှင့်ဗီဒီယိုလောကအတွင်း ညီညွတ်မှုရှိသော ဒီမိုကရေစီ(Unity in Democracy) ဖြစ်အောင် ကျင့်သုံးဖော်ဆောင်ရန်။
- စည်းကမ်းနှင့် ဥပဒေကိုလိုက်နာပြီး လွတ်လပ်မှုနှင့် တာဝန်ယူမှု၊ လွတ်လပ်မှုနှင့် ဆင်ခြင်တုံတရားတို့ကို ယှဉ်တွဲကျင့်သုံးဆောင်ရွက်ရန်။
- လွတ်လပ်စွာ အနုပညာကို ဖော်ကျူးသော်လည်း ပြည်သူအတွက် အဆိပ်အတောက်မဖြစ်စေရေး ထိန်းသိမ်းဆောင်ရွက်ရန်တို့ပင်ဖြစ်ပါကြောင်း။

မကြာမီအချိန်အတွင်း ၂၀၁၀ ခုနှစ်အတွက် ထူးချွန်ဆုများကို တစ်ဆုချင်းကြေညာပြီး ချီးမြှင့်တော့မည်ဖြစ်ပါကြောင်း၊ ရုပ်ရှင်ထူးချွန်ဆုရွေးချယ်ရာတွင်လည်း ယခင်နှစ်များနည်းတူ ရုပ်ရှင်ဥပဒေပါ အခြေခံမူ(၇)ရပ်ကို အခြေခံပြီး ရုပ်ရှင်ဂီတ စာပေနယ်ပယ်က အနုပညာရှင်၊ အတတ်ပညာရှင်အင်အား ထက်ဝက်ကျော်ပါရှိသော မြန်မာ့ရုပ်ရှင်ထူးချွန်ဆု ရွေးချယ်ချီးမြှင့်ရေးအကဲဖြတ်အဖွဲ့ အဆင့်ဆင့်က ထူးချွန်ဆုတစ်ဆုချင်းကို သတ်မှတ်ပေးထားသည့် စံချိန်စံညွှန်းများနှင့်အညီ ဆန်းစစ်စိစစ်ရွေးချယ်အကဲဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ၂၀၁၀ ခုနှစ်အတွင်း ရုံတင်ပြသခဲ့သော ရုပ်ရှင်ဇာတ်ကား ၁၅ ကားကို အပြန်ပြန်အထပ်ထပ်ကြည့်ရှုအကဲဖြတ်ကာ အရည်အသွေးကို အခြေခံပြီး အရည်အသွေးပြည့်မီသူ၊ ထိုက်တန်သူများကိုသာ သက်ဆိုင်ရာဆုအလိုက် စိစစ်ရွေးချယ်ထားခြင်းလည်းဖြစ်ပါကြောင်း၊ ဤနှစ်တွင် ထူးချွန်ဆုဆွတ်ခူးကြသည့် ရုပ်ရှင်အနုပညာရှင် အတတ်ပညာရှင်များအနေဖြင့် ထပ်ဆင့်ထူးချွန်ဆုများရရှိအောင် ဆက်လက်ကြိုးပမ်းသွားကြရန်နှင့် ဆုမရရှိသေးသည့် ပုဂ္ဂိုလ်များအနေဖြင့်လည်း နောင်နှစ်များတွင် ထူးချွန်ဆုများ ဆက်လက်ဆွတ်ခူးနိုင်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုပါကြောင်း။

ရုပ်ရှင်အနုပညာရှင်များ၊ အတတ်ပညာရှင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကြိုးပမ်းမှု၊ လွတ်လပ်ရေးထိန်းသိမ်းကာကွယ်စောင့်ရှောက်မှု၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးရေးကြိုးပမ်းမှုများတွင် အတိတ်သမိုင်းကြောင်းတစ်လျှောက် တက်ကြွစည်းလုံးညီညွတ်စွာ ပါဝင်ခဲ့ကြသကဲ့သို့ ယနေ့ခေတ် မျက်မှောက်ကာလတွင်လည်း နိုင်ငံတော်အတွက် တက်ကြွညီညွတ်စွာ ပူးပေါင်းပါဝင်နေကြသည်ကို တွေ့မြင်နေရပါကြောင်း၊ **အနာဂတ်တွင်လည်း ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေပါ ပြည်သူပြည်သားတိုင်း လိုက်နာဆောင်ရွက်ရမည့် တာဝန်များကို ဦးထိပ်ထားပြီး အမျိုးသားအကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်မည့် စတုတ္ထမဏ္ဍိုင်၏ ဘက်တော်သားကောင်းများပီပီ စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ကြပါဟု ထပ်မံတိုက်တွန်းမှာကြားလိုပါကြောင်း။**

နိဂုံးချုပ်အနေဖြင့် မှာကြားလိုသည်မှာ

- ရုပ်ရှင်လောကနှင့် ရုပ်ရှင်လောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ချက်(၅)ရပ်နှင့် အခြေခံလုပ်ငန်းစဉ် (၁၂)ချက်တို့ကို အလေးထားအကောင်အထည်ဖော်ဆောင်ရွက်ကြပါ၊
- မြန်မာ့ရုပ်ရှင်ဇာတ်ကားများ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် လိုအပ်မည့် စက်ပစ္စည်းများ၊ Studio များ၊ ပြည်ပနှင့် ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရုပ်ရှင်ပြသရေးစနစ်နှင့် ရုပ်ရှင်ရုံများ နိုင်ငံတကာအဆင့်မီဖြစ်အောင် ဝိုင်းဝန်းကြိုးပမ်းတည်ဆောက်ကြပါ၊
- မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၊ အမျိုးသားစရိုက်လက္ခဏာများ ထိန်းသိမ်းစောင့်ရှောက်ရေးကို ရုပ်ရှင်ပညာနှင့်ကူညီပံ့ပိုးဆောင်ရွက်ကြပါ၊
- အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ပေါက်လာစေရေး နိုင်ငံတော်အစိုးရ၊ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပါဝင်ဆောင်ရွက်ကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် အမည်စာရင်းများကို အကယ်ဒမီဆုရရှိပြီးသူ ရုပ်ရှင်အနုပညာရှင်၊ အတတ်ပညာရှင်များက ကြေညာကြရာ အကောင်းဆုံးရုပ်ရှင်ဇာတ်ညွှန်းဆုကို ပင်လယ်ထက်က နေဝန်းနီဇာတ်ကားမှ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်က လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်တေးဂီတဆုကို အငိုမျက်လုံး အပြုံးမျက်နှာဇာတ်ကားမှ မြန်မာပြည်ကျော်စိမ်းက လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်တည်းဖြတ်ဆုကို ပင်လယ်ထက်က နေဝန်းနီဇာတ်ကားမှ ဦးမြင့်ခိုင်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုကို အမေ့ကျေးဇူး ဆပ်ဖူးချင်တယ်ဇာတ်ကားမှ ဝါဝါအောင်က လည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုကို ပင်လယ်ထက်က နေဝန်းနီဇာတ်ကားမှ ဝေဠုကျော်ကလည်းကောင်း၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုကို အာဒမ်ရယ် ဧဝရယ် ဒသရယ်ဇာတ်ကားမှ သက်မွန်မြင့် ကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဓာတ်ပုံဆုကို ပင်လယ်ထက်က နေဝန်းနီဇာတ်ကားမှ ပန်းချီစိုးမိုးက လည်းကောင်း၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုကို အာဒမ်ရယ် ဧဝရယ် ဒသရယ်ဇာတ်ကားမှ ပြေတီဦးကလည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဒါရိုက်တာဆုကို ပင်လယ်ထက်က နေဝန်းနီဇာတ်ကားမှ ခင်မောင်ဦး၊ စိုးသိမ်းထွဋ်က လည်းကောင်း၊ အကောင်းဆုံးရုပ်ရှင်ဇာတ်ကားဆုကို Heart N Soul ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် အာဒမ်ရယ် ဧဝရယ် ဒသရယ် ဇာတ်ကားက လည်းကောင်း ရရှိကြောင်း ကြေညာကြပြီး ဆုတစ်ဆုချင်းအလိုက် ရှင်းလင်းချက်များနှင့်အတူ အကောင်းဆုံး သရုပ်ဆောင်မှုအပိုင်းများကို ထုတ်နုတ်ပြသသည်။

မြန်မာ့ရုပ်ရှင်ထူးချွန်ဆုပြကွက်များကို ထုတ်နုတ်ပြသရာတွင် အရည်အသွေးမြင့် LED ဒစ်ဂျစ်တယ်စနစ်ဖြင့်ပြသပြီး စင်မြင့်အလင်းပေးမှုနည်းပညာများကိုလည်း နောက်ဆုံးပေါ် LED မီးအလင်းပေးစနစ်များဖြင့် တင်ဆက်ခဲ့သည်။

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသော ပြေတီဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသူများအား ရွှေစင်ရုပ်ဆုကို တစ်ဦးချင်းသို့ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ၂၀၁၀ ခုနှစ်တွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများက တစ်ဦးချင်း ကျေးဇူးတင်ဝမ်းမြောက်စကားပြန်ကြားပြောဆိုသည်။

ထို့နောက် ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများက ဒုတိယသမ္မတနှင့် ဇနီးတို့အား ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် ဇနီး၊ အဖွဲ့ဝင်များသည် ၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု (အကယ်ဒမီဆု) ရရှိကြသည့် ရုပ်ရှင်အနုပညာရှင်များနှင့် အတတ်ပညာရှင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု အကယ်ဒမီဆုပေးပွဲ အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား (MRTV)၊ MRTV-4 (Free To Air)၊ Myanmar International Channel နှင့် Sky Net up to Date Channel တို့မှ အစီအစဉ် အစအဆုံးတိုက်ရိုက်ထုတ်လွှင့်ပြသခဲ့သည်။ (သတင်းစဉ်)

၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု)ရရှိကြသူများ

၁။	ရုပ်ရှင်ဇာတ်ညွှန်းဆု	ပင်လယ်ထက်ကနေဝန်းနီ	ခင်မောင်ဦး၊စိုးသိမ်းထွဋ်
၂။	ရုပ်ရှင်တေးဂီတဆု	အငိုမျက်လုံးအပြုံးမျက်နှာ	မြန်မာပြည်ကျော်စိမ်း
၃။	ရုပ်ရှင်တည်းဖြတ်ဆု	ပင်လယ်ထက်ကနေဝန်းနီ	ဦးမြင့်ခိုင်
၄။	အမျိုးသမီးဇာတ်ပို့ဆု	အမေ့ကျေးဇူးဆပ်ဖူးချင်တယ်	ဝါဝါအောင်
၅။	အမျိုးသားဇာတ်ပို့ဆု	ပင်လယ်ထက်ကနေဝန်းနီ	ဝေဠုကျော်
၆။	အမျိုးသမီးဇာတ်ဆောင်ဆု	အာဒမ်ရယ် ဧဝရယ် ဒသရယ်	သက်မွန်မြင့်
၇။	ရုပ်ရှင်ဓာတ်ပုံဆု	ပင်လယ်ထက်ကနေဝန်းနီ	ပန်းချီစိုးမိုး
၈။	အမျိုးသားဇာတ်ဆောင်ဆု	အာဒမ်ရယ် ဧဝရယ် ဒသရယ်	ပြေတီဦး
၉။	ရုပ်ရှင်ဒါရိုက်တာဆု	ပင်လယ်ထက်ကနေဝန်းနီ	ခင်မောင်ဦး၊စိုးသိမ်းထွဋ်
၁၀။	ရုပ်ရှင်ဇာတ်ကားဆု	အာဒမ်ရယ် ဧဝရယ် ဒသရယ်	Heart N Soul ရုပ်ရှင်ထုတ်လုပ်ရေး

၂၀၁၀ ခုနှစ်အတွက် မြန်မာ့ရုပ်ရှင်ထူးချွန်ဆု(အကယ်ဒမီဆု) ရရှိကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား လက်ခံတွေ့ဆုံ

လက်ခံတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli bin Mohd Zin အား နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဖေဖော်ဝါရီ ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli bin Mohd Zin အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မိမိတို့နှစ်နိုင်ငံသည် ယခင်ကတည်းက ချစ်ကြည်ရင်းနှီးမှု ကောင်းပြီးဖြစ်သကဲ့သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများလည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်နှစ်ရပ်နှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်လွှတ်တော်များတွင် တပ်မတော်သားကိုယ်စားလှယ်များ တက်ရောက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံ၏ အဓိကရည်ရွယ်ချက်ဖြစ်သည့် စည်းကမ်းပြည့်ဝ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံ ထူထောင်ရန်အတွက် ကြိုးပမ်းအားထုတ်နေချိန်တွင် မိမိတို့တပ်မတော်သည်လည်း စည်းကမ်းတကျပါဝင်လျက်ရှိကြောင်း၊ ယင်းကို နိုင်ငံအသီးသီးကလည်း အသိအမှတ်ပြုလျက်ရှိကြောင်း၊ မိမိတို့ တပ်မတော်နှစ်ရပ်ကြား ဆက်ဆံရေးကောင်းမွန်စေရေး တိုးမြှင့်ဆောင်ရွက်ရန်နှင့် နှစ်နိုင်ငံတပ်မတော်အားကစားအဖွဲ့များ အပြန်အလှန်စေလွှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် အိမ်နီးချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံလျက်ရှိပါကြောင်းဖြင့် ပြောကြားသည်။

မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ပြောကြားရာတွင် မိမိနှင့် အဖွဲ့ဝင်များအား ယခုကဲ့သို့ နွေးထွေးလှိုက်လှဲပျူငှာစွာ ကြိုဆိုသည့်အတွက် အထူးပင် ကျေးဇူးတင်ရှိပါကြောင်း၊ နေပြည်တော်လေဆိပ်ကို ရောက်ရှိသည့်အချိန်မှစ၍ နေပြည်တော်၏ တိုးတက်မှုများကို မြင်တွေ့ရသည့်အတွက် အံ့ဩမိပါကြောင်း၊ ၂၀၁၃ ခုနှစ်တွင် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကိုလည်း အောင်မြင်စွာ ကျင်းပနိုင်လိမ့်မည်ဟု မျှော်လင့်ပါကြောင်း၊ ၂၀၁၄ ခုနှစ် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ကိုလည်း အောင်မြင်စွာဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ယခုခရီးစဉ်သည် နှစ်နိုင်ငံတပ်မတော်နှင့် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုအတွက်ပင် ဖြစ်ပါကြောင်း၊ ဒီမိုကရေစီနိုင်ငံ ထူထောင်ရာတွင် နိုင်ငံနှင့်ပြည်သူ စိတ်ဝမ်းမှန်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံတွင် စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်နေသည်ကို မြင်တွေ့၍ ဝမ်းမြောက်ပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ဂုဏ်ပြုနေ့လယ်စာ သုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်အမှတ်(၁) တပ်မတော်ရုပ်မြင်သံကြား ထုတ်လွှင့်ရေးတပ် (မြဝတီရုပ်မြင်သံကြား)မှ စစ်သည်၊ စစ်သမီးများက နှစ်နိုင်ငံ တေးသီချင်းများ၊ အကပဒေသာများဖြင့် သီဆိုကပြဖျော်ဖြေကြသည်။

နေ့လယ်စာ သုံးဆောင်အပြီးတွင် မလေးရှား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် သီဆိုဖျော်ဖြေကြသော စစ်သည်၊ စစ်သမီးများအား ဂုဏ်ပြုပန်းခြင်းများပေးအပ်ပြီး အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

☆ တပ်မတော်ကာကွယ်ရေးမှ
တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် မော်တော်ယာဉ်ဖြင့် ဇေယျာသီရိဗိမာန်သို့ရောက်ရှိလာရာ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်က ဇေယျာသီရိဗိမာန်ရှေ့၌ ရင်းနှီးခင်မင်စွာ ကြိုဆိုနှုတ်ဆက်သည်။

ထို့နောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့သည် အလေးပြုခံစင်မြင့်သို့ သွားရောက်၍ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြသည်။

ထိုအချိန်တွင် နိုင်ငံတော်စစ်တီးဝိုင်းက နှစ်နိုင်ငံ နိုင်ငံတော်သီချင်းများကို ဂုဏ်ပြုတီးမှုတ်သည်။

ထို့နောက် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်တို့သည် ဂုဏ်ပြုတပ်ဖွဲ့ကို စစ်ဆေးကြသည်။

ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးအပြီးတွင် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်အား ၎င်းနှင့်အတူ လိုက်ပါလာကြသည့် အဖွဲ့ဝင်များနှင့် မိတ်ဆက်ပေးသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်ကလည်း မလေးရှားတပ်မတော် ကာကွယ်ရေးဦးစီးချုပ်အား ၎င်းနှင့်အတူ ဂုဏ်ပြုကြိုဆိုပွဲ တက်ရောက်ကြသည့် တပ်မတော်အရာရှိကြီးများနှင့် ပြန်လည်မိတ်ဆက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗုဒ္ဓမြတ်စွယ်တော်အား ရည်စူးလှူဒါန်းထားသော လက်ကျန်အလှူငွေနှင့် လက်ဝတ်ရတနာများအား ထိန်းသိမ်းထုတ်ပေးလွှဲပြောင်းရေး ဆွေးနွေး

နေပြည်တော် ဖေဖော်ဝါရီ ၇

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား ရည်စူးလှူဒါန်းထားသော လက်ကျန်အလှူငွေနှင့် လက်ဝတ်ရတနာများအား ထိန်းသိမ်းထုတ်ပေးလွှဲပြောင်းမည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ သာသနာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးမြင့်မောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ရန်မြို့၌ ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်နိုင်ရေး၊ ဗုဒ္ဓမြတ်စွယ်တော်အား ရည်စူးလှူဒါန်းထားသော လက်ကျန်အလှူငွေနှင့် လက်ဝတ်ရတနာများ ထိန်းသိမ်းထုတ်ပေးလွှဲပြောင်းရေးတို့နှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။ **(ယာပုံ)**

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများက တရုတ်ပြည်သူ့သမ္မတနိုင်ငံ လော့ရန်မြို့၌ ရွှေတိဂုံပုံတူစေတီတော် တည်ထားကိုးကွယ်နိုင်ရေးနှင့် ဗုဒ္ဓမြတ်စွယ်တော်အား ရည်စူးလှူဒါန်းထားသော လက်ကျန်အလှူငွေနှင့် လက်ဝတ်ရတနာများ ထိန်းသိမ်းထုတ်ပေးလွှဲပြောင်းရေးအတွက် ဦးစီးဌာနနှင့် လုပ်ငန်းများအလိုက် ဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ဆွေးနွေးတင်ပြမှုများအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆက်လက်ဆောင်ရွက်ရန် လိုအပ်သည်များကိုမှာကြားကာ ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ရုရှားနှင့် ဘယ်လာရုစ်သံအမတ်ကြီးများ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

မြန်မာနိုင်ငံတွင် စွမ်းအင်ကဏ္ဍအကျိုးတူလုပ်ငန်းများ၌ ဝင်ရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်လိုသဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများအား ရှာဖွေနိုင်ရန်အတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mikhail MGELADZE နှင့် Geo Pro Mining ကုမ္ပဏီအဖွဲ့သည် ယနေ့ ညနေပိုင်းတွင် စွမ်းအင်ဝန်ကြီးဌာနသို့ ရောက်ရှိလာရာ ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးနှင့် တာဝန်ရှိသူများက လက်ခံတွေ့ဆုံသည်။ **(ဝဲပုံ)**

ထိုသို့တွေ့ဆုံရာတွင် Geo Pro Mining ကုမ္ပဏီက မြန်မာနိုင်ငံအတွင်း စွမ်းအင်ကဏ္ဍလုပ်ငန်းများတွင် ဝင်ရောက်ပူးပေါင်းဆောင်ရွက်ရန် စိတ်ဝင်စားမှုများကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက စွမ်းအင်ဝန်ကြီးဌာနနှင့် နိုင်ငံတကာရေနံကုမ္ပဏီများ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နေသည့် အခြေအနေများကိုလည်းကောင်း၊ ထပ်မံဆောင်ရွက်ခွင့်ရရှိနိုင်မည့် အခြေအနေများကိုလည်းကောင်း ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

ထို့အတူ မြန်မာနိုင်ငံဆိုင်ရာ ဘယ်လာရုစ်သမ္မတနိုင်ငံသံအမတ်ကြီး H.E. Mr. Valery SADOKHO ကလည်း ပြည်ထောင်စုဝန်ကြီးအား လာရောက်တွေ့ဆုံပြီး စွမ်းအင်ကဏ္ဍ၌ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်နိုင်မည့် လုပ်ငန်းအခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

AM & PM

၅:၄၀ "သင်္ချတမှ အသင်္ချတသို့" တရားတော် (ဆရာတော်ဦးဃောသိတ)
၆:၃၅ တောင်ပိုင်းခရိုင်သာသနာ နဂ္ဂဟအသင်း၏ ပဌာန်းပစ္စယနိဒ္ဒေသပါဠိတော် မဟာပဌာန်းကျမ်းမြတ် ဒေသနာတော်ရွတ်ဆိုပူဇော်ပွဲ
၇:၁၅ ရိုးရာမပျက်ဆင်ယင်နွဲ့ အရှေ့ပိုင်းရှမ်းရဲ့ ဗုဒ္ဓပူဇနိယပွဲ (အပိုင်း-၂)
၉:၂၅ "ရွှေရောင်တောက်ပသော အနာဂတ်နေ့ရက်များဆီသို့" (လူငယ်နှင့်ပညာရေး)
၉:၄၅ ကျော့ရှင်းကေသာအလှ AQUOSမှ----
၁၀:၀၀ ၂၀၁၀ ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၁:၀၀ ၂၀၁၀ ခုနှစ်မြန်မာ့ရုပ်ရှင် ထူးချွန်ဆုချီးမြှင့်ပွဲအခမ်းအနား
၆:၀၀ **MRTV-4 သတင်း**
၆:၁၅ သီးနှံအထွက်တိုးစေရာ သဘာဝမြေဩဇာ
၆:၃၀ Cartoon Show Time (Barbic Princess Charm School)
၇:၁၅ သင်ကြားရေးလမ်းညွှန် (NAY LIN AUNG Accountancy Training Centre)
၇:၃၀ Fantastic Music Contest (Part-1)
၈:၀၀ **MRTV-4** သတင်း
၈:၃၀ သီချင်းကောင်းကောင်း သီချင်းတောင်း
၉:၀၀ Celebrity Style (သဲနုဝါ)
၉:၂၀ The Shop Around The Corner (Part-18)
၉:၂၅ ဓာတ်ပုံထဲမှ အမှတ်တရများ (သဥ္ဇာနွယ်ဝင်း)
၉:၅၀ နေချင်စဖွယ်အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့နားခိုရာ- ဖြူဖြူကျော်သိန်း)
၁၀:၂၅ ပိုင်-မောင်း-ရောင်းဘသောင်း (နေရှိုင်း၊ ကျော်ဇေယျ၊ ဆုရွှန်းလဲ့) ဒါရိုက်တာ-မျိုးဇော်အောင်
၁၁:၀၀ World of Knowledge (Chasing Earthquakes)
၄:၀၀ အဖိုးတန်သောသဘာဝ သယံဇာတမြေဟူးကောင်း
၄:၁၅ ဗဟုသုတများစုဆောင်းရာ Knowledge Bank
၄:၃၀ Shooting Location (မစန္ဒာအိမ်)
၄:၅၀ အံ့ဖွယ်တမူ"ဆဒ္ဒန်ဂူ"
၅:၀၀ အစီအစဉ်ပြီး။

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်သောင်းနှင့် ဒုတိယအဖွဲ့ ခေါင်းဆောင် ဦးသိန်းဇော်တို့ ကြီးကြပ်၍ ကရင်ပြည်နယ်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပြီး ပဏာမ နှစ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုး

နေပြည်တော် ဖေဖော်ဝါရီ ၇

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များကြီးကြပ်၍ ကရင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဦးစောဌေးမောင်(ခ)ဦးထိန်မောင် ဦးဆောင်သော ငြိမ်းချမ်းရေးဖော်ဆောင်ရေးအဖွဲ့တို့သည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်၌ ငြိမ်းချမ်းရေး တွေ့ဆုံဆွေးနွေးပွဲကို ရင်းနှီးပွင့်လင်းစွာ ပြုလုပ်ကြသည်။

တွေ့ဆုံဆွေးနွေးပွဲတွင် ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်၊ အဖွဲ့ဝင်များဖြစ်သော ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်၊ ခရမ်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကရင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်မှူးကြီးဇော်နိုင်ဦး၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ဝင် ဦးစောခင်စိုးတို့ တက်ရောက်ကြပြီး KNU/KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဦးစောဌေးမောင်(ခ) ဦးထိန်မောင်၊ ဗဟိုကော်မတီဝင်များဖြစ်ကြသော ဒေါက်တာတီမသီ၊ ဦးစောရင်နု၊ ဒေါက်တာနော်ကပေါ်ထူး၊ ဦးစောအယ်ကော်ထူး၊ ဦးစောဂျိုးဇက်၊ သိက္ခာတော်ရ ဆရာ DR-စောအောင်သန်းနှစ်၊ နော်ခရင်းနာတို့ တက်ရောက်ကြသည်။

ဆွေးနွေးပွဲတွင် နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များသည် ခင်မင်ရင်းနှီး ပွင့်လင်းစွာ တွေ့ဆုံညှိနှိုင်းကြပြီး နှစ်ဦးနှစ်ဖက် သဘောတူညီချက်(၇)ချက်ကို လက်မှတ်ရေးထိုးကြကာ အပြန်အလှန် လဲလှယ်ကြသည်။ ၎င်းသဘောတူညီချက်(၇)ချက်မှာ-

(၁) တပ်မတော်နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့အကြား လက်ရှိတည်ရှိနေသော ငြိမ်းချမ်းရေးကို ဆက်လက်ထိန်းသိမ်းမည်။

(၂) KNU/KNLA ငြိမ်းချမ်းရေးကောင်စီဝင်များကို (မဲလ၊ ထို့ကော်ကိုး) နေရာတွင် အခြေပြုနေထိုင်ရန် သဘောတူသည်။

(၃) နှစ်ဖက်အပြန်အလှန်ပြောဆို ဆက်ဆံဆွေးနွေးမှုများ ပြုလုပ်နိုင်ရန်အတွက် နှစ်ဖက်သဘောတူညီသောနေရာများတွင် နှစ်ဖက်သဘောတူညီသော ပုဂ္ဂိုလ်များဖြင့် ဆက်ဆံရေးဌာန၊ စခန်းများကို ထူထောင်မည်။ ကုမ္ပဏီ၏ စီးပွားရေး၊ ဆက်ဆံရေးရုံးများကို ဘားအံ၊ မြဝတီ၊ ဘုရားသုံးဆူ၊ ကော့ကရိတ်၊ မောတောင်၊ ကော့သောင်းတို့တွင် ထားရှိမည်။

(၄) နှစ်ဖက်သဘောတူညီထားသော နယ်မြေများမှအပ နယ်မြေကျော်လွန် လက်နက်ကိုင်ဆောင် သွားလာမှုများကို နှစ်ဖက်ကြိုတင်ညှိနှိုင်းပြီး ဆောင်ရွက်မည်။

(၅) ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီမှ အဆင့်မြင့်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့တို့သည် နှစ်ဖက်သဘောတူညီသောနေရာ၊ သဘောတူညီသော အချိန်ကာလတွင် တွေ့ဆုံ၍ နယ်မြေတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ တပ်ဖွဲ့ဝင်များ အခြေချနေထိုင်၊ လုပ်ကိုင်စားသောက်နိုင်ရေးနှင့် ထာဝရငြိမ်းချမ်းရေး ရရှိသည်အထိ ဆက်လက်ဆွေးနွေးရန် သဘောတူသည်။

(၆) ပဏာမ ငြိမ်းချမ်းရေး ဆောင်ရွက်ပြီးသည့်နောက်တွင် တစ်ဖက်နိုင်ငံ၌ ရောက်ရှိနေသော တိုင်းရင်းသားတို့၏ ပြန်လည်ဝင်ရောက်အခြေချနေထိုင်မည့်နေရာတွင် ၎င်းတို့၏ စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ရေ၊ မီး အစရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော်မှ ခွင့်ပြု၍ ကိုယ်ထူကိုယ်ထလုပ်ဆောင်ခွင့်ကို ပံ့ပိုးသွားမည်။

(၇) KNU / KNLA ငြိမ်းချမ်းရေးကောင်စီမှ တင်ပြထားသော ငြိမ်းချမ်းရေး အဓိပ္ပာယ်ဖွင့်ဆိုချက်များအပေါ် မူအားဖြင့်သဘောတူ၍ နှစ်ဦးနှစ်ဖက်မှ ကြိုးပမ်းသွားမည် ဖြစ်ပါသည်ဟူ၍ ဖြစ်သည်။

လက်မှတ်ရေးထိုးကြရာတွင် ကရင်ပြည်နယ်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့မှ ဗိုလ်မှူးကြီးအောင်လွင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဦးစီးအရာရှိ (ပထမတန်း) ပြည်သူ့စစ်၊ ကရင်ပြည်နယ် ဥပဒေချုပ်နှင့် တာဝန်ရှိသူများ၊ KNU / KNLA ငြိမ်းချမ်းရေး ကောင်စီမှ ဗဟိုကော်မတီဝင်များဖြစ်ကြသော ဦးစောရင်နု၊ ဒေါက်တာ နော်ကပေါ်ထူး၊ ဦးစောအယ်ကော်ထူး၊ ဦးစောဂျိုးဇက်တို့က လက်မှတ်ရေးထိုးကြသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်သမ္မတက ပေးအပ်သော ငြိမ်းချမ်းရေး လက်ဆောင်အဖြစ် ဆန်အိတ် ၅၀၀ ကို လည်းကောင်း၊ Sky Net ရုပ်သံဖမ်းစက် အစုံ ၂၀ ကို လည်းကောင်း၊ အမှတ်တရ လက်ဆောင်များကို လည်းကောင်း ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် ဦးအောင်သောင်း၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များကပေးအပ်ကြရာ KNU / KNLA ငြိမ်းချမ်းရေးကောင်စီဥက္ကဋ္ဌ ဦးစောဌေးမောင်နှင့်အဖွဲ့ဝင်များက လက်ခံကြသည်။

ထို့နောက် နှစ်ဖက်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ဝင်များသည် စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်အား မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီ

နေပြည်တော် ဖေဖော်ဝါရီ ၈

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ထိုင်းနိုင်ငံသံအမတ်ကြီး မစ္စတာ အာပီရက် ဝိယန်ရာဝိ၏နေရာတွင် မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်ကို ၁၉၆၁ ခုနှစ် ဒီဇင်ဘာ ၇ ရက်တွင် ထိုင်းနိုင်ငံ၌ မွေးဖွားခဲ့သည်။ ၎င်းသည် ထိုင်းနိုင်ငံ သမ်မားဆက်တက္ကသိုလ်မှ နိုင်ငံတကာဆက်ဆံရေးနှင့် သံတမန်ရေးရာဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း၊ အမေရိကန်ပြည်ထောင်စု အီလီနွိုက်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံဘာသာဖြင့် မဟာဝိဇ္ဇာဘွဲ့ကို လည်းကောင်း ရရှိခဲ့သည်။

၎င်းသည် ၁၉၈၄ ခုနှစ်တွင် ထိုင်းနိုင်ငံဝန်ကြီးချုပ်ရုံးသို့ ပြန်ကြားရေးအရာရှိ (တတိယအဆင့်)အဖြစ် စတင်ဝင်ရောက်ခဲ့ပြီး ၁၉၈၆ ခုနှစ်တွင် ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနသို့ သံအရာရှိအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၆ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနတွင် ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့်အထိလည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံနှင့် ဩစတြေးလျနိုင်ငံဆိုင်ရာ ထိုင်းသံရုံးတို့တွင် ရာထူးအဆင့်ဆင့်ဖြင့် လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၂၀၀၉ ခုနှစ်မှ ယနေ့အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ကျိုးမြို့ရှိ ထိုင်းကောင်စစ်ဝန်ချုပ်ရုံးတွင် ကောင်စစ်ဝန်ချုပ်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာ ဖိစနု ဆုဝဏ္ဏချုတ်သည် အိမ်ထောင်ရှင်တစ်ဦးဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုအဆင့် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့ခေါင်းဆောင် တောင်သာမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သောင်းနှင့် အဖွဲ့ဝင်များနှင့် ကရင်ပြည်နယ် ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့၊ KNU / KNLA ငြိမ်းချမ်းရေး ကောင်စီဥက္ကဋ္ဌ ဦးစောဌေးမောင်(ခ)ဦးထိန်မောင် ဦးဆောင်သော ငြိမ်းချမ်းရေး ဖော်ဆောင်ရေးအဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ်ဝန်ကြီးချုပ် ဗန်းမော်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဖေဖော်ဝါရီ ၇

ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်းသည် ဖေဖော်ဝါရီ ၂ ရက် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဗန်းမော်မြို့သို့ ရောက်ရှိပြီး မဟာသိမ်တော်ကြီး ကျောင်းတိုက်ဆရာတော်၊ ကန်ဦးကျောင်းတိုက် ဆရာတော်နှင့် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တကေသဝ ဆရာတော်တို့အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် မွန်းလွဲ ၁ နာရီခွဲတွင် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံပြီး ဗန်းမော်တက္ကသိုလ်၌ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် တွေ့ဆုံအားပေး စကားပြောကြားကာ ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်းသို့ ရောက်ရှိပြီး ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားကာ ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေး၍ ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၃ ရက် နံနက် ၈ နာရီတွင် ဗန်းမော်မြို့ မြို့တော်ခန်းမ၌ မြို့မိမြို့ဖများ၊ ပြည်သူလူထုများနှင့် တွေ့ဆုံအမှာစကား ပြောကြားပြီး နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များ ဖွံ့ဖြိုးရေးကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်းများသို့ရောက်ရှိ၍ ဆရာ ဆရာမကြီးများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံအားပေးစကားပြောကြားကာ ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှုနှင့် အိပ်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်သည် ဖေဖော်ဝါရီ ၅ ရက် နံနက် ၈ နာရီတွင် ဗန်းမော်မြို့ ဟန်တဲရပ်ကွက် ရိုးကြီးရွာမကျောင်းတိုက်နှင့် ပေါက်ကုန်းရပ်ကွက်ရှိ ထွယ်ဆန်နှစ်ခြင်းခရစ်ယာန် အသင်းတော်တို့၌ လတ်တလော ပဋိပက္ခကြောင့် ခေတ္တပြောင်းရွှေ့ ရောက်ရှိလာသူတို့အား တွေ့ဆုံအားပေးစကား ပြောကြားကာ ထောက်ပံ့ပစ္စည်းများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးလဂွျန်ငန်ဆိုင်း ဗန်းမော်မြို့ သူနာပြုသင်တန်းကျောင်း၌ ဆရာ ဆရာမများအား တွေ့ဆုံအားပေးစကား ပြောကြားစဉ်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်အကျဉ်း

၈-၂-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၈း၀၀ ၃။ သက်ရှည်ကျန်းမာ လေ့ကျင့်ပါ

၈း၀၅ ၄။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက

၈း၂၀ ၅။ "မေမေ့အမှား"

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄း၀၅ ၂။ (၆၅)နှစ်မြောက် ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်

၆း၀၀ ၃။ ညနေခင်းသတင်း

၆း၂၀ ၄။ ၂၀၁၀ ခုနှစ်၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနား ကျင်းပပုံ (ဒုတိယအကြိမ်) ထုတ်လွှင့်မှုအစီအစဉ်

၈း၀၀ ၅။ ပြည်တွင်းသတင်း

၆။ ၂၀၁၀ ခုနှစ်၊ မြန်မာ့ရုပ်ရှင် ထူးချွန်ဆု(အကယ်ဒမီဆု) ချီးမြှင့်သည့်အခမ်းအနား ကျင်းပပုံ (ဒုတိယအကြိမ်) ထုတ်လွှင့်မှုအစီအစဉ်

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း အလုပ်ရုံဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၇

အလေးချိန်နှင့် အတိုင်းအတာများ စံချိန်စံညွှန်း (ကီလိုယူနစ်-မက်ထရစ်စနစ်သို့) ပြောင်းလဲသုံးစွဲရေး အလုပ်ရုံဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက် (သောကြာနေ့) နံနက် ၈ နာရီခွဲတွင် မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း တက္ကသိုလ်များ (လှိုင်နယ်မြေ)၌ ကျင်းပမည်ဖြစ်ရာ အဝေးပြေးကုန်ကားပိုင်ရှင်များ၊ တန်ပိုဂိုက်ပိုင်ရှင်များ၊ ထုတ်လုပ်ရောင်းဝယ်သူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းဝင်များနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ဆွေးနွေးနိုင်ကြောင်း၊ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃၊ ၇၆ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့သစ်လက်ထက် ပထမဆုံးဖွင့်လှစ်ခဲ့သော ယိုးတရုတ်-ကျောက်တော်ရထားလမ်းပိုင်း

* မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းစီမံကိန်း၏ ယိုးတရုတ်-ကျောက်တော်ရထားလမ်းပိုင်းကို ၂၀၁၁ ခုနှစ် မေ ၁၀ ရက်က ရခိုင်ပြည်နယ် ကျောက်တော်မြို့ ကျောက်တော်ဘူတာ၌ ဖွင့်လှစ်ခဲ့သည်။
* အဆိုပါ ရထားလမ်းပိုင်းကို မြန်မာ့မီးရထားက ဖောက်လုပ်ချိန် (၁၁)လဖြင့် ပြီးစီးအောင် ဖောက်လုပ်ခဲ့ခြင်းဖြစ်သည်။ ရထားလမ်းအရှည် ၁၉ ဒသမ ၈၂ မိုင်ရှိသည်။ ရထားလမ်းပိုင်းတွင် ပေ ၁၈၀ အထက် တံတား နှစ်စင်းနှင့် ပေ ၁၈၀ အောက် တံတား ၆၁ စင်း ပါရှိသည်။ ရခိုင်ပြည်နယ်၏ အထင်ကရ လမ်းမကြီးဖြစ်လာမည့် မင်းဘူး-အမ်း-စစ်တွေရထားလမ်းတွင် ၁၁ ဒသမ ၄၆ မိုင်ရှိ ကွမ်းတောင်-ပုဏ္ဏားကျွန်း-ယိုးတရုတ် ရထားလမ်းပိုင်းတို့ကို ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။
* ရခိုင်ပြည်နယ်နှင့် အခြားတိုင်းဒေသကြီးများကို ရထားဖြင့် ဆက်စပ်သွားလာနိုင်ရန် ဖောက်လုပ်နေသည့် ၂၅၇ မိုင်ရှိ မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းမကြီး၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ လမ်းပန်းဆက်သွယ်မှု အဆင်ပြေချောမွေ့စေရေးအတွက် ရထားလမ်းများကို အပိုင်းလိုက် ဖောက်လုပ်ထားပြီး ပြီးစီးသည့်အပိုင်းလိုက် ဖွင့်လှစ်ပေးလျက်ရှိသည်။

သတင်းမှတ်စု - မောင်ငြိမ်းအေး

* မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်ကို ဆက်စပ်ပေးမည့် မင်းဘူး-အမ်း-စစ်တွေ ရထားလမ်းပိုင်းဖြင့် ချိတ်ဆက်ဖောက်လုပ်ထား၍ ရခိုင်ပြည်နယ်သည် အဘက်ဘက်က ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ဤရထားလမ်းပိုင်းသည် အမျိုးသားရထားလမ်းကွန်ရက်၏ အစိတ်အပိုင်းတစ်ခုလည်း ဖြစ်သည်။
* ရခိုင်ပြည်နယ်ရှိဒေသများသည် သွားလာရေးခက်ခဲသည့် ဒေသများဖြစ်ပြီး ယခု ရထားလမ်းပိုင်းအပါအဝင် ကားလမ်းများ၊ ရထားလမ်းများမှ တစ်ဆင့် မြန်မာနိုင်ငံ ဒေသအနှံ့အပြားသို့ လွယ်ကူစွာ ဆက်သွယ်သွားလာနိုင်တော့မည် ဖြစ်သည်။

❒ ကျောဖုံးမှ

ပြည့်ပြည့်စုံစုံ ဟန်ချက်ညီဖွံ့လှစ်နိုင်ရေးအတွက် စီမံရန်လည်းလိုအပ်ပါကြောင်း၊ ကျောင်းများပြီးစီးချိန်တွင် ၎င်းတို့လုပ်ဆောင်ကြမည့် လုပ်ငန်းများအလိုက် လုပ်ငန်းစွမ်းရည် မြင့်မားရေးအတွက် သက်ဆိုင်ရာကျောင်းများတွင် Training For Trainners, Vocational Training, Job Training, Occupational Training စသော Training များကို ဆိုင်ရာလုပ်ငန်းနယ်ပယ်အလိုက်၊ ဒေသအလိုက်ဖွင့်လှစ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

စိတ်ဓာတ်နှင့် စည်းကမ်းကောင်းအောင် မြှင့်တင်ပေးရာရောက်သည့် ဝန်ထမ်းအဆင့်အတန်းအလိုက် ထိုက်သင့်သော လုပ်ခ၊ လစာနှင့် စရိတ်များ ချီးမြှင့်ပေးခြင်း၊ လေ့ကျင့်ဆွေးနွေး ပညာပေးခြင်း၊ ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးစေခြင်းဖြင့် နိုင်ငံတော်သမ္မတကြီးပြောကြားသော သန့်ရှင်းသောအစိုးရ (Clean Government) နှင့် ကောင်းမွန်သောစီမံခန့်ခွဲမှု (Good Governance)ဖြစ်ရန် အလားအလာရှိမည်ဖြစ်ပါကြောင်း။

ကျောင်းဆရာ ဆရာမများ၏ လစာနှင့်စရိတ်၊ ရဲတပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ ဝန်ထမ်းများနှင့် အောက်ခြေအုပ်ချုပ်ရေး အဖွဲ့အစည်းများ၏ လစာနှင့် စရိတ်များကို လုံလောက်မျှတစွာ ချီးမြှင့်ပေးရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေကြသည့် လိုအပ်လျှင် နိုင်ငံနှင့် နိုင်ငံသားများအတွက် အသက်ပေးစွန့်လွှတ်နေကြသော တပ်မတော်သားများ၏ ရိက္ခာစရိတ်၊ စစ်ဝတ်နှင့် အသုံးအဆောင်စရိတ်အပါအဝင် အခြားစရိတ်များကိုလည်း အနည်းဆုံး ၁၉၅၉-၁၉၆၀ ခုနှစ်က ရရှိထားသည့် စရိတ်များ၏ တန်ဖိုးအတိုင်းရရှိအောင် ခွင့်ပြုပေးသင့်ပါကြောင်း။

မလွှဲမရှောင်သာ ကြုံတွေ့လာနိုင်သည့် ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့် ယနေ့ တောင်သူလယ်သမားများ၊ မွေးမြူရေးသမားများ၊ အခြေခံကုန်ထုတ်လုပ်သူများ ကြုံတွေ့နေရသည့် စပါးနှင့် သီးနှံများဈေးနိမ့်ကျ၍ အရှုံးပေါ်နေမှု၊ ငါးမွေးမြူထုတ်လုပ်သူများ အရှုံးပေါ်နေမှုများရှိပါကြောင်း၊ ထုတ်လုပ်သူများ အရှုံးပေါ်နေမှုသည် တောင်သူလယ်သမား၊ အလုပ်သမား၊ နိုင်ငံ့ဝန်ထမ်းများကို များစွာထိခိုက်နေရပါကြောင်း။

သို့ရာတွင် **လယ်တလင်းတွင် စပါးကုန်ကြမ်းဈေးနှင့် ငါးမွေးကန်ရှိ ငါးဈေးများသည် ထုတ်လုပ်မှုတန်ဖိုးထက် များစွာလျော့နည်းနေပါကြောင်း၊ ဈေးကွက်နှင့် ဈေးဆိုင်များတွင် ဆန်ဈေးနှင့်ငါးဈေးတို့မှာ မြင့်မားမှုရှိနေပြီး အကြောင်းအရင်းကို စိစစ်လေ့လာသုံးသပ်သည့်အခါ သယ်ယူစရိတ်များကြီးမြင့်လွန်းခြင်း၊ အခြားမလိုလားအပ်သော ကုန်ကျစရိတ် (Transaction Cost)များ မြင့်မားခြင်းတို့ကြောင့်ဟု သိရပါ ကြောင်း။**

နိုင်ငံသားအများစုကို ထိခိုက်စေနိုင်သော ကုန်ဈေးနှုန်းနှင့်အခြား Transaction Cost များ ကျဆင်းအောင် စဉ်းစားသုံးသပ်စီမံဆောင်ရွက်မှုများကို စီမံကိန်းချမှတ်ဆောင်ရွက်နိုင်ရေးအတွက် ဤပြည်ထောင်စု လွှတ်တော်က သက်ဆိုင်ရာအဖွဲ့အစည်းများသို့ တိုက်တွန်းဆောင်ရွက်ရန်လည်း လိုအပ်သည်ဟု ယူဆပါကြောင်း။

အမျိုးသားစီမံကိန်းများ ရေးဆွဲချမှတ်ရာတွင်လည်းကောင်း၊ တစ်မျိုးသားလုံး၏ ပြည်တွင်း အသားတင်ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုး (Gross Domestic Product-GDP)ကဲ့သို့သော နိုင်ငံ၏ အခြေပြကိန်းဂဏန်းတွက်ချက် ဖော်ပြရာတွင်လည်းကောင်း မှန်ကန်သောအချက်အလက်များကို အခြေခံတွက်ချက်မှသာလျှင် မှန်ကန်သော၊ ဆီလျော်ကောင်းမွန်သော စီမံကိန်းနှင့်စီမံချက်များ ပေါ်ထွက်လာမည် ဖြစ်ပါကြောင်း။

ယခု ပြည်ထောင်စုလွှတ်တော်သို့ တင်ပြထားသော ဥပဒေကြမ်းများတွင် အချို့ဌာနများ၏ ဖော်ပြချက်များ၌ မြန်မာနိုင်ငံ၏လူဦးရေနှင့် ပတ်သက်၍ ကွာခြားချက်ကြီးမားနေခြင်းကို တွေ့ရှိရပါကြောင်း၊ သို့ဖြစ်၍ လူဦးရေနှင့် သန်းခေါင်စာရင်းကောက်ယူမှုအား ဆောလျင်စွာလုပ်ငန်းစီမံကိန်းများ ချမှတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

အချို့သော စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရာတွင် စီးပွားရေးတွက်ခြေကိုက်မှုတစ်ခုတည်းကိုမကြည့်ဘဲ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှု EIA (Environment Impact Assessment)၊ လူနေမှုဘဝ အကျိုးသက်ရောက်မှု SIA (Social Impact Assessment)၊ ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှု HIA (Health Impact Assessment) အစရှိသော စူးစမ်းလေ့လာမှုများပါ တစ်ပါတည်းဆောင်ရွက်သင့်ပါကြောင်း၊ ပြည်သူများ၏ငွေများကို အသုံးပြု၍ ရင်းနှီးမြှုပ်နှံခြင်းပြုကြရာတွင် လက်ငင်း ရေတိုနှင့် ရေရှည် အကျိုးရှိမှုအတွက် အသေးစိတ် ဘက်စုံထောင့်စုံ စူးစမ်းလေ့လာ သုံးသပ်ပြီးပါမှ အသုံးပြုရန်၊ ရင်းနှီးမြှုပ်နှံရန်အတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက အဆုံးအဖြတ်ပေးကြရမည်ဖြစ်ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် **မိမိဂုဏ်၊ မိမိသိက္ခာနှင့်အညီ နေထိုင်စားသောက်နိုင်ရန်၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး အမှန်တကယ်ဖြစ်လာရန်နှင့် နိုင်ငံသားများ၊ ဝန်ထမ်းများ၏ လုပ်ခ၊ လစာစရိတ်နှင့် ချီးမြှင့်ငွေများကို လာမည့်ဘတ်ဂျက်နှစ်အစတွင် မဖြစ်မနေတိုးမြှင့်ပေးရေး၊ ပြည်သူ့ဘဏ္ဍာငွေများကို အသုံးပြု၍ လက်တွေ့ကျကျ နိုင်ငံ့အကျိုး၊ ပြည်သူလူထုအကျိုး ဖြစ်ထွန်းစေမည့် စီမံကိန်းများကိုသာ ဥပဒေပြုပေးရေးနှင့် ထိုသို့မဟုတ်သော စီမံကိန်းများကို ငြင်းပယ်ခြင်း၊ ဆိုင်းငံ့ခြင်း၊ လျှော့၍ခွင့်ပြုခြင်းများ ဆောင်ရွက်ရေး၊ နိုင်ငံနှင့်နိုင်ငံသားများ၏ လက်ငင်း ရေတိုနှင့် ရေရှည် အကျိုးဖြစ်ထွန်းစေသော ထာဝစဉ်ရှင်သန်စေမည့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (သို့မဟုတ်) လူသားအရင်းအမြစ်များဖွံ့ဖြိုးရေးစီမံကိန်းအတွက် ရင်းနှီးမြှုပ်နှံမှုများကို တင်ပြဆောင်ရွက်ပေးရန် သက်ဆိုင်ရာသို့ တိုက်တွန်းပေးရေး၊ တာဝန်အရ ဥပဒေနှင့်အညီ ဆောင်ရွက်နေကြသူများ၊ အဖွဲ့အစည်းများအား နားလည်လက်ခံပြီး လေးစားချစ်ကြည်စွာဖြင့် အပြန်အလှန်ပူးပေါင်းဆောင်ရွက်ပေးရေး၊ နိုင်ငံနှင့် နိုင်ငံသားများ၏အကျိုးစီးပွားအား တားဆီးပိတ်ပင်သော၊ ပျက်စီးယုတ်လျော့စေသော ပြည်တွင်း ပြည်ပမှ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်အဖွဲ့အစည်းကိုမဆို ဆန့်ကျင်သွားရေး၊ တည်ဆဲဥပဒေများကို အဖွဲ့အစည်းများအနေဖြင့် လည်းကောင်း၊ ပြည်သူများထဲမှ ပြည်သူတစ်ဦးအနေဖြင့် လည်းကောင်း ပြည်သူတစ်ရပ်လုံးနှင့်အတူ ရိုသေလေးစားလိုက်နာကြရေးတို့ကို ပြည်ထောင်စုလွှတ်တော် နာယကကြီးနှင့်တကွ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များက ဆုံးဖြတ်ဆောင်ရွက်ပေးကြစေလို**ကြောင်းဖြင့် ဆွေးနွေးသည်။

ယင်းဆွေးနွေးချက်များကို နိုင်ငံတော်အစိုးရက အမျိုးသားဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရေးဆွဲရာတွင် လုပ်ငန်းလမ်းညွှန်အဖြစ် သတ်မှတ်ဆောင်ရွက်နိုင်ရန် ပြည်ထောင်စုလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုကို စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက တင်သွင်းပြီး လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆက်လက်ဆွေးနွေးကြရာ ပုသိမ်ကြီးမဲဆန္ဒနယ်မှ ဦးအောင်သန့်၊ ထန်းတပင်မဲဆန္ဒနယ်မှ ဦးသိန်းရီ၊ ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်၊ ဝေါ မဲဆန္ဒနယ်မှ ဦးမြင့်ရွှေ၊ ငါန်းဇွန်မဲဆန္ဒနယ်မှ ဒေါက်တာမြဦးတို့က ဆွေးနွေးကြသည်။

အရေးကြီးအဆိုအဖြစ် ဇေယျာသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်းကို မြန်မာနိုင်ငံသူနိုင်ငံသားအားလုံး ကြားသိစေရန်အတွက် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်များ၌ ဥက္ကဋ္ဌ၏ မူရင်းရုပ်သံဖြင့် ထုတ်လွှင့်သင့်ကြောင်း ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့်အဆိုကို ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာက တင်သွင်းပြီး ထန်တလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်းက ထောက်ခံသည်။

အဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာမြဦး၊ ဆိပ်ကမ်းမြို့နယ်မဲဆန္ဒနယ်မှ ဒေါက်တာနေလင်း၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင်၊ ကျောက်တံခါး မဲဆန္ဒနယ်မှ ဒေါက်တာခင်မောင်ဆွေ၊ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာ အောင်သန်း၊ လှိုင်သာယာ မဲဆန္ဒနယ်မှ ဦးဉာဏ်ဝင်းတို့က ဆွေးနွေးကြသည်။

ယနေ့အစည်းအဝေးကို ညနေ ၃ နာရီ ၁၀ မိနစ်တွင်ရပ်နားပြီး အစည်းအဝေးသတ္တမနေ့ကို ဖေဖော်ဝါရီ ၈ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ရွှာသာကြီးရှိ စက်မှုလယ်ယာဦးစီးဌာန အမှတ်(၃) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံမှ ထုတ်လုပ်ထားသော လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ပုလဲသွယ် စပ်မျိုးစပါး F1 မျိုးစေ့ထုတ်စိုက်ကွင်းများ ကွင်းဆင်းစစ်ဆေးအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၇

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဖေဖော်ဝါရီ ၆ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရှိ Green Asia စိုက်ပျိုးရေးအထူးပြုကုမ္ပဏီ၏ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၅၀၀ စိုက်ခင်းသို့ ရောက်ရှိရာ Green Asia ကုမ္ပဏီဒါရိုက်တာ ဦးသန်းမြင့်နှင့် စိုက်ခင်းတာဝန်ရှိသူများက (၇၀)ရက်သားသက်တမ်းရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ခင်း ဖြစ်ထွန်းအောင်မြင်နေမှု၊ ပန်းပွင့်ချိန်ကိုက်ညီစေရန် ပြုစုဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စိုက်ကွင်းအတွင်း တစ်နာရီလျှင် (၁)တန်ကျ F1 မျိုးစေ့ထုတ် သန့်စင်စက် (Seed Processing Plant) လည်ပတ်နေမှု၊ ဂိုဒေါင်အဆောက်အအုံတွင် ပုလဲသွယ်စပါးများ၊ သွင်းအားစု ဓာတ်မြေဩဇာများ စနစ်တကျ သိုလှောင်ထားရှိမှု၊ ခေတ်မီလယ်ယာသုံးစက်ကိရိယာများနှင့် တစ်စပ်တစ်ဆက်တည်း ဧက ၅၀၀ စိုက်ကွင်း စပါးခင်းများကို ကြည့်ရှုအားပေးသည်။

ယင်းနောက် ရှင်းလင်းဆောင်၌ Green Asia ကုမ္ပဏီဒါရိုက်တာက စပ်မျိုးစပါး F1 မျိုးစေ့များ စနစ်တကျစိုက်ပျိုးထုတ်လုပ်နေမှုနှင့် ၂၀၀၈ ခုနှစ် စီမံကိန်းစတင်သည်မှ ယနေ့ကာလအထိ ကျပ်သိန်းပေါင်း ၁၂၀၀၀ ကျော်အား ခေတ်မီ စက်မှုလယ်ယာစိုက်ပျိုးရေးစနစ်သို့ တည်ဆောက်ပြုပြင်အကောင်အထည်ဖော်သည့် လုပ်ငန်းအဆင့်ဆင့်တွင် ရင်းနှီးမြှုပ်နှံသုံးစွဲထားမှုကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် တောင်သူလယ်သမားများအား အကျိုးပြုနိုင်မည့် ပုလဲသွယ် F1 မျိုးစေ့များကို နိုးကြားတက်ကြွစွာဖြင့် ရင်းနှီးမြှုပ်နှံဆောင်ရွက်နေမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း။

လယ်သမားများအတွက် ဈေးကွက်သေချာသည့် ပုလဲသွယ် စပ်မျိုးစပါး မျိုးစေ့များထုတ်လုပ်ရာတွင် အရည်အသွေးပိုင်းကို အထူးဦးစားပေးပြီး ရာနှုန်းပြည့် စိတ်ချယုံကြည်ရအောင် အဆင့်ဆင့်ထုတ်လုပ်သွားရန်နှင့် မျိုးစေ့ထုတ်လုပ်ခြင်းလုပ်ငန်း၏ ကုန်ကျစရိတ်အား အသေးစိတ်တွက်ချက်မှတ်တမ်းတင်ထားရှိပြီး တောင်သူလယ်သမားများထံသို့ သက်သာသောနှုန်းထားဖြင့် ဖြန့်ဖြူးရောင်းချပေးနိုင်ရေး ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း၊ ပြင်ပပညာရှင်များနှင့် ပူးပေါင်းမျိုးစေ့ထုတ်လုပ်သည့် အတွေ့အကြုံများကို အခြေခံ၍ ရေရှည်တွင် မြန်မာစိုက်ပျိုးရေးပညာရှင်များကိုယ်တိုင် ယုံကြည်စိတ်ချစွာဖြင့် မျိုးစေ့ထုတ်ပညာရပ်များ ကျွမ်းကျင်တတ်မြောက်အောင် ကြိုးစားသင်ယူသွားရန်မှာကြားပြီး မြန်မာစိုက်ပျိုးရေးပညာရှင်များအတွက် ဂုဏ်ပြုထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ဧက ၁၀၀၀၀ စိုက်ကွင်းအတွင်း Dagon International ကုမ္ပဏီက ပုလဲသွယ်စပ်မျိုး စပါးမျိုးစေ့ထုတ်လုပ်ငန်း ဆောင်ရွက်နေသော ဧက ၅၀၀ စိုက်ကွင်းသို့ ရောက်ရှိရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်(UMFCCI) ဥက္ကဋ္ဌ ဦးဝင်းအောင်က စိုက်ကွင်းအတွင်း ခေတ်မီမျိုးစေ့ထုတ် သန့်စင်စက်အသုံးပြုရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှုများနှင့် F1 မျိုးစေ့ထုတ် ဧက ၅၀ စိုက်ခင်း စိုက်ပျိုးအကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ပန့်စနစ် (Pump System) ဖြင့် လယ်ကွင်းများအတွင်း ရေတင်နေမှုနှင့် ရေပေးမြောင်းစနစ်များ၊ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်လုပ်ငန်း အောင်မြင်နေမှုများကို ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ရွှာသာကြီးရှိ စက်မှုလယ်ယာဦးစီးဌာန၏ အမှတ်(၃) လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်ရေးစက်ရုံသို့ရောက်ရှိပြီး စက်ရုံမှထုတ်လုပ်ထားသော လယ်ယာသုံးစက်ကိရိယာများနှင့် စက်ရုံဝင်းအတွင်းရှိ တပ်ဆင်ရေးအလုပ်ရုံ၊ ဂီယာနှင့် ရှပ် အလုပ်ရုံ၊ ပုံဖိနှင့် သံဂဟေအလုပ်ရုံ၊ မာရှိန်ပြောင်းအလုပ်ရုံ၊ အရည်အသွေးထိန်းသိမ်းရေးအလုပ်ရုံ၊ အင်ဂျင်ဘလောက်ရုံနှင့် သံရည်ကျိုအလုပ်ရုံတို့ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံခန်းမဆောင်၌ အရာထမ်း၊ အမှုထမ်း ၃၂၁ ဦးတို့အား တွေ့ဆုံပြီး နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလုပ်ငန်းဖြစ်သော စက်မှုလယ်ယာကူးပြောင်းနိုင်ရေးတွင် အရာထမ်း၊ အမှုထမ်းများ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးကြောင်း၊ မိမိတို့တတ်မြောက်ထားသော ပညာရပ်များဖြင့် နိုင်ငံတော်ကလိုအပ်လျက်ရှိသော ခေတ်မီလယ်ယာသုံးစက်ကိရိယာများကို စဉ်ဆက်မပြတ် သုတေသနပြုထုတ်လုပ်၍ တောင်သူလယ်သမားများ လက်ဝယ်အရောက် ဖြန့်ဖြူးပေးရန်လိုအပ်ကြောင်း။

စက်မှုလယ်ယာဦးစီးဌာနက ထုတ်လုပ်သော စက်ကိရိယာများသည် တောင်သူလယ်သမားများအတွက် အသုံးဝင်မှုတန်ဖိုးနှင့် အရည်အသွေး(Quality) စိတ်ချကောင်းမွန်ရန် လိုအပ်သည့်အပြင် ဈေးနှုန်းအားဖြင့်လည်း အခြားသော စက်ပစ္စည်းများနှင့်ယှဉ်ပြိုင်ပါက တောင်သူများလက်ခံနိုင်သည့် ယှဉ်ပြိုင်တန်ဖိုးဖြစ်ရန်လိုအပ်ကြောင်းနှင့် ပညာရှင်ဝန်ထမ်းတစ်ဦးချင်းအနေဖြင့်လည်း မိမိကျွမ်းကျင်တတ်မြောက်ထားသောပညာရပ်များကို ကဏ္ဍအလိုက် အထိရောက်ဆုံးအသုံးချပြီး နိုင်ငံတော်၏ စက်မှုလယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်အောင် ညီညီညွတ်ညွတ်ဖြင့် ကြိုးပမ်းအကောင်အထည်ဖော်သွားကြရန် ဆွေးနွေးတိုက်တွန်းခဲ့ကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ဂျပန်နိုင်ငံမှည့်သ်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဖေဖော်ဝါရီ ၇

အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇော်မင်းအား ဂျပန်နိုင်ငံ International Friendship Exchange Council (FEC)၏ အာဆီယံ-ဂျပန်ယဉ်ကျေးမှုနှင့် စီးပွားရေးဖလှယ်ရေးကော်မတီ ဥက္ကဋ္ဌ Mr. Norio Yamaguchi နှင့်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)**လျှပ်စစ်ဓာတ်အားထုတ်လုပ်မှု ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများ ဆွေးနွေးကြသည်။

ထိုသို့ တွေ့ဆုံရာတွင် အမှတ်(၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်ဇော်၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပလင်းတန်
ပွဲပြီးဖို့
စာအုပ်စာပေ
လော့လာစို့

၂၀၁၀ ခုနှစ် "အကယ်ဒမီ" ဆု ရင်ခုန်သံများ

၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံးမြန်မာ့ရုပ်ရှင်ထူးချွန်ဆု ချီးမြှင့်သည့်အခမ်းအနားကျင်းပရာ နေပြည်တော်မြို့တော်ခန်းမရှိ လဟာပြင်ကဇာတ်ရုံသို့ ကြေးမုံသတင်းအဖွဲ့မှ သွားရောက်ပြီး ရုပ်ရှင်အနုပညာရှင်များ၏ ရင်တွင်းမှ စကားများကို မိဘပြည်သူများ မျှဝေခံစားနိုင်ရန် တင်ပြလိုက်ရပါသည်-

ဒါရိုက်တာ မလိခစိုးထိုက်အောင်

ဒါရိုက်တာ မလိခစိုးထိုက်အောင်

နေပြည်တော်မှာ အနုပညာညီအစ်ကိုမောင်နှမတွေ တစ်နှစ်တစ်ခါ လာဆုံရတာ ပျော်စရာကောင်းပါတယ်။ ရုပ်ရှင်လောကသားအားလုံး မျှော်လင့်တဲ့ "အကယ်ဒမီ" ဆုကို ထိုက်တန်တဲ့ သူတွေရမှာပါ။ နိုင်ငံတော်က ချီးမြှင့်တဲ့ "အကယ်ဒမီ" ဟာ ရုပ်ရှင်လောကသားတွေရဲ့ အမြတ်နိုးဆုံးအရာပါ။ ရက်တိုတိုနဲ့ ဇာတ်ကားတွေ အများကြီး ရိုက်နေတဲ့အတွက် ပြုပြင်စရာတွေအများကြီးရှိပါတယ်။

အကယ်ဒမီပြေတီဦးဖြစ်လာမယ့် သရုပ်ဆောင်ပြေတီဦး။

အကယ်ဒမီပြေတီဦးဖြစ်လာမယ့် သရုပ်ဆောင်ပြေတီဦး

ရုပ်ရှင်လောကသားတွေအတွက် နိုင်ငံတော်က ချီးမြှင့်တဲ့ဒီပွဲမှာ အနုပညာ ညီအစ်ကိုမောင်နှမတွေ အားလုံး တစုတစည်းတည်း မြင်တွေ့ရတာ ပျော်စရာကြီးပါ။ ဒီ "အကယ်ဒမီ" ဆုကို ကျွန်တော်မမှန်းရဲပါဘူး။ ဒါပေမယ့် ရခဲ့ရင်တော့ အတိုင်းမသိဝမ်းသာ ပျော်ရွှင်မိမှာ အမှန်ပါ။ ကျွန်တော့်ကို အားပေးတဲ့ပရိသတ်ကြီးကို ထာဝရ ကျေးဇူးတင်ပါတယ်။ အနုပညာနဲ့ သက်ဆုံးတိုင် အလုပ်အကျွေးပြုပါမယ် ဆိုတာ ပြောပါရစေ။

ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ရွှေစင်ကြယ်ကိုးပွင့်အကဖြင့် ဖျော်ဖြေတင်ဆက်စဉ်။

(ကြေးမုံ)

တွေ့ဆုံမေးမြန်း - ဇော်မင်းအောင်(၁၀၇)

ဓာတ်ပုံမှတ်တမ်း - ခင်မောင်ဝင်း(ကြေးမုံ)

ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ

အခုလို နိုင်ငံတော်က ချီးမြှင့်မြှောက်စားတဲ့ အကယ်ဒမီပေးပွဲမှာ ရုပ်ရှင်လောကသားအားလုံးကို တစုတစည်းတည်း မြင်တွေ့ရတာ ဝမ်းသာမဆုံးပါ။ ဘယ်သူရမယ်ဆိုတာ မခန့်မှန်းတတ်ဘူး။ နိုင်ငံတော်သစ်ကြီးမှာ ရုပ်ရှင်လောကသားအားလုံး အခြေအနေကောင်းတွေ ပြောင်းလဲလာမယ်လို့ မျှော်လင့်မိပါတယ်။

ထွန်းထွန်း(Example)

ထွန်းထွန်း(Example)

ကျရာနေရာက ပီပြင်အောင် သဘာဝကျအောင် သရုပ်ဆောင်သွားမှာပါ။ နိုင်ငံတော်ကချီးမြှင့်တဲ့ "အကယ်ဒမီ" ပေးပွဲကို တက်ရောက်ရတဲ့အတွက် အတိုင်းမသိ ဝမ်းသာမိပါတယ်။ ဘယ်သူပဲရရ ထိုက်တန်လို့ရတာ မုဒိတာ ပွားစရာပါ။

ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးမြင့်သိန်းဖေ။

အကယ်ဒမီ ထက်ထက်မိုးဦး

နိုင်ငံတော်က ရုပ်ရှင်အနုပညာရှင်ညီအစ်ကိုမောင်နှမတွေအတွက် ချီးမြှင့်ပေးတဲ့ "အကယ်ဒမီ"ဆုပေးပွဲကို တက်ရောက်ရတာ ပျော်စရာကောင်းပါတယ်။ ထိုက်တန်တဲ့သူရမယ့် "အကယ်ဒမီ"ဆုကို ဘယ်သူပဲရရ ပျော်ပါတယ်။ ချီးမြှင့်ပေးတဲ့ နိုင်ငံတော်အကြီးအကဲများကိုလည်း ကျေးဇူးတင်ပါတယ်။

သက်မွန်မြင့်

ရုပ်ရှင်အနုပညာရှင် ညီအစ်ကိုမောင်နှမတွေအတွက် နိုင်ငံတော်က ချီးမြှင့်တဲ့ "အကယ်ဒမီ"ဆုကို ဘယ်သူပဲရရ ဝမ်းသာပါတယ်။ ချီးမြှင့်ပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ရုပ်ရှင်လောကသားအားလုံး နေပြည်တော်မှာ တစ်နှစ်တစ်ခါ ဆုံတွေ့ရတာ ပျော်စရာကောင်းပါတယ်။

သက်မွန်မြင့်

အကယ်ဒမီ ထက်ထက်မိုးဦး

အာဒမ်ရယ် ဧဝရယ် ဒသရယ် ဇာတ်ကားဖြင့် ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိသော ပြေတီဦးအား အနုပညာရှင်မောင်နှမများက ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။

(ကြေးမုံ)

အာဒမ်ရယ် ဧဝရယ် ဒသရယ် ဇာတ်ကားဖြင့် ၂၀၁၀ ခုနှစ်အတွက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုရရှိသော သက်မွန်မြင့်အား ဝိုင်းဝန်းဂုဏ်ပြုကြစဉ်။

(ကြေးမုံ)

ယခင်နှစ်များနှင့်မတူ ဝင်လမ်း၊ ထွက်လမ်းများ စနစ်တကျ ထားရှိပေးမှုကြောင့် သတင်းမီဒီယာသမားများက ဓာတ်ပုံများကို စည်းကမ်းတကျ ရိုက်ကူးမှတ်တမ်းတင်ကြစဉ်။

(ကြေးမုံ)

မိမိဂုဏ်၊ မိမိသိက္ခာနှင့်အညီ နေထိုင်စားသောက်နိုင်ရန်၊ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး အမှန်တကယ်ဖြစ်လာရန် နိုင်ငံသားများ၊ ဝန်ထမ်းများ၏ လုပ်ခ၊ လစာစရိတ်နှင့် ချီးမြှင့်ငွေများကို လာမည့်ဘတ်ဂျက်နှစ်အစတွင် မဖြစ်မနေတိုးမြှင့်ပေး

တည်ဆဲဥပဒေများကို အဖွဲ့အစည်းများအနေဖြင့် လည်းကောင်း၊ ပြည်သူထဲမှ ပြည်သူတစ်ဦးအနေဖြင့် လည်းကောင်း ပြည်သူတစ်ရပ်လုံးနှင့်အတူ ရိုသေလေးစားလိုက်နာ

နေပြည်တော် ဖေဖော်ဝါရီ ၇

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်(၅၆၃)ဦးတို့တက်ရောက်ကြသည်။

ဇေယျာသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဆွေးနွေးပြောကြားစဉ်။ (သတင်းစဉ်)

အစည်းအဝေး၌ နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်များကို ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစောလှထွန်းက ဖတ်ကြားရှင်းလင်းသည်။

နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးရန် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက အဆိုတင်သွင်းပြီး ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသည်။

ယင်းအဆိုကို ပြည်ထောင်စုလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဇေယျာသီရိမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ယခုပြည်ထောင်စုအစိုးရက တင်ပြလာသော ဥပဒေကြမ်းများကိုအတည်ပြု ဥပဒေပြုရေးတာဝန်သည် မိမိတို့ ပြည်သူ့ကိုယ်စားလှယ်များ ပါဝင်သည့် ပြည်ထောင်စုလွှတ်တော်က အဆုံးအဖြတ်ပေးကြရမည်ဖြစ်ပါကြောင်း၊ **အစိုးရအဖွဲ့ကိုယ်စားလှယ် တင်ပြခဲ့ရာတွင် အမျိုးသားရေးအကျိုးစီးပွားအတွက် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရေးဆွဲထည့်သွင်းရန် လိုအပ်နေ**သေးသည်ကို တွေ့ရှိရပါကြောင်း၊ **တစ်ချိန်တည်း တစ်ပြိုင်တည်းတွင်ပင် အကောင်းဆုံးနှင့် စိတ်အချရဆုံးဖြစ်သော လူသားအရင်းအမြစ်များ ဖွံ့ဖြိုးရေးစီမံကိန်းကို လုံလောက်သောရင်းနှီးမြှုပ်နှံမှုများဖြင့် ဆောင်ရွက်ကြရမည်**ဖြစ်ပါကြောင်း။

စိတ်ဓာတ်ကောင်းမွန်မြင့်မားရေး၊ စည်းကမ်းကောင်းမွန်ရေးနှင့် ပညာရည်မြင့်မားတိုးတက်ရေးအတွက် "စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ" ဆိုသော ပညာရေးဝန်ကြီးဌာန၏ ဆောင်ပုဒ်ကို နိုင်ငံတော်အတွင်း ဖွင့်လှစ်ထားသည့် အဆင့်ဆင့်သောကျောင်းများ၊ သိပ္ပံများ၊ ကောလိပ်များ၊ တက္ကသိုလ်များအထိ သင်ကြား ဖြည့်ဆည်းဆောင်ရွက်နေရမည် ဖြစ်ပါကြောင်း၊ ထိုသို့ စဉ်းစားစီမံသည့်နေရာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးအထက်တန်းကျောင်း၊ စက်မှုလက်မှုအထက်တန်းကျောင်းနှင့် သိပ္ပံများ၊ အခြားအသက်မွေးဝမ်းကျောင်းပြုနိုင်သော အထက်တန်းကျောင်းနှင့် သိပ္ပံကျောင်းများကို **စာမျက်နှာ ၉ ကော်လံ ၁ သို့**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဂုဏ်ပြုကြိုဆို

နေပြည်တော် ဖေဖော်ဝါရီ ၇

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်သည် မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီးလည်ပတ်ရန်ရောက်ရှိနေသော မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli bin Mohd Zin အား ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ဂုဏ်ပြုကြိုဆိုသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်နှင့် မလေးရှားတပ်မတော်ကာကွယ်ရေးဦးစီးချုပ် General Tan Sri Dato' Sri Zulkifeli bin Mohd Zin တို့ ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကို ခံယူကြစဉ်။ (သတင်းစဉ်)

အဆိုပါ ဂုဏ်ပြုကြိုဆိုပွဲအခမ်းအနားသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးလှဌေးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးဉာဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူးတို့ တက်ရောက်ကြပြီး မလေးရှားတပ်မတော်မှ Assistant Chief of Staff J3 Joint force Headquarters, Rear Admiral Dato' Nasaruddin bin Othman၊ မြန်မာနိုင်ငံဆိုင်ရာ မလေးရှားစစ်သံမှူး Colonel Gan. Seng Lock နှင့် **စာမျက်နှာ ၆ ကော်လံ ၄ သို့** ☆

ယနေ့ သတင်း အညွှန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရအဖွဲ့သစ်လက်ထက် ပထမဆုံး ဖွင့်လှစ်ခဲ့သော ယိုးတရုတ် - ကျောက်တော်ရထားလမ်းပိုင်း
ပြည်တွင်းသတင်း စာမျက်နှာ ၈

ကရင်ပြည်နယ်ငြိမ်းချမ်းရေးဆွေးနွေးရေးအဖွဲ့နှင့် KNU/KNLA ငြိမ်းချမ်းရေးကောင်စီတို့ တွေ့ဆုံဆွေးနွေးပြီး ပဏာမနှစ်ဖက်သဘောတူညီချက် လက်မှတ်ရေးထိုး
ပြည်တွင်းသတင်း စာမျက်နှာ ၇

နိုင်ငံခြားငွေများ ဘဏ်စာရင်းပြောင်းနည်းဖြင့် ရောင်းဝယ်နိုင်ပြီ
ပြည်တွင်းသတင်း စာမျက်နှာ ၂